
မယ်ဇလီကုန်းကျေးရွာ
ပျဉ်းမနားမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## (၂၀၁၅ - ၂၀၂၀)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မယ်ဇလီကုန်းကျေးရွာ၊ ပျဉ်းမနားမြို့နယ်
(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်

မာတိကာ


| | | |
|---|---|---|
| | အတိုချုပ်စကားလုံးများ | ၃ |
| | စကားချီး | ၄ |
| | မယ်ဇလီကုန်းရွာမြေပုံ၊ ပျဉ်းမနားမြို့နယ် | ၆ |
| (၁) | နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု | ၈ |
| (၂) | ကျေးရွာ လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များ | ၁၁ |
| (၃) | ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ(Current Development Situation) | ၁၆ |
| (၄) | ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေ များ၊ အဟန့်အတား များ နှင့် ကျော်လွှားရမည့် အဟန့်အတားများ | ၃၆ |
| (၅) | ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ | ၃၉ |
| (၆) | ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ | ၄၂ |
| (၇) | စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ | ၄၃ |
| (၈) | ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာဗျူဟာ (Budget and Financing Strategy) | ၄၆ |
| (၉) | စီမံကိန်းကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း(plan monitoring and assessment) | ၄၇ |
| (၁၀) | ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖေါ်မည့် နည်းလမ်း နှင့် အစီအစဉ်များ | ၅၀ |
| (၁၁) | ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်း (Scheme)များ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များ နှင့် ငွေကြေးဆိုင်ရာ နည်းစနစ်များ | ၅၂ |




CamScanner

နောက်ဆက်တွဲ


နောက်ဆက်တွဲ(က) နောက်ဆက်တွဲဇယားများ

နောက်ဆက်တွဲ(က။၁)လယ်ဝေးမြို့နယ်၊ သစ်ကြိမ်းကျေးရွာ၏ ဥစ္စာဓနအဆင့်ခွဲခြားခြင်း ၅၅

နောက်ဆက်တွဲ(က။၂)ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ) ၅၆

နောက်ဆက်တွဲ(ခ) ကျေးရွာဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်ရန်လမ်းညွှန်သဘောတရားများ ၆၃

ဇယားများ

ဇယား(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအကြောင်းအရာများ၊ သစ်ကြိမ်းကျေးရွာ

လယ်ဝေးမြို့နယ်၊ ၁၁

ဇယား(၂) စိုက်ပျိုးမြေ၊ ၁၂

ဇယား(၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ ၁၃

ဇယား(၄) ကျေးရွာလူထုတစ်ရပ်လုံးတွင် ဘေးအန္တရာယ်ကျရောက်နိုင်မှု၊ ၁၅

ဇယား(၅) သစ်ကြိမ်းကျေးရွာရှိ လူထုအခြေပြုအဖွဲ့အစည်းများ၊ ၁၉

ဇယား(၆) စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ၊ ၂၇

ဇယား(၇) ဈေးကွက်လက်လှမ်းမီမှုအခြေအနေ၊ ၂၈

ဇယား(၈) ငွေကြေးဝန်ဆောင်မှုရရှိနိုင်သော အဖွဲ့အစည်းများ ၂၈

ဇယား(၉) ဦးစားပေးစီမံကိန်းများ ၄၄

ဇယား(၁၀) စီမံကိန်းကာလ ၄၅

ဇယား(၁၁) စီမံကိန်းဘတ်ဂျက် ၄၇




CamScanner

အတိုချုပ်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသော ဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MOAI | လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန |
| MoLFRD | မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDC | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ |
| VTDSC | ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ |



CS CamScanner

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါတယ်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါတယ်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနနှင့် နေပြည်တော်ကောင်စီနယ်မြေတို့မှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာ များမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နေပြည်တော်ကောင်စီနယ်မြေ၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး

ဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့်လုပ်ငန်း ဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၅ ခုနှစ် မေလ (၃၀) ရက်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မယ်ဇလီကုန်းကျေးရွာ
ပျဉ်းမနားမြို့နယ်

CamScanner

မယ်ဇလီကုန်းရွာမြေပုံ၊ ပျဉ်းမနားမြို့နယ်



CamScanner

# အပိုင်း(က) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်



CamScanner

## (၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

### (၁.၁) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ ပြောကြား ချက်များအရ ကျွန်ုပ်တို့ကျေးရွာတွင် စတင်လုပ်ဆောင်သည့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ အတွေ့အကြုံများကို ထည့်သွင်းစဉ်းစားပြီး ချမှတ်လုပ်ဆောင်သည့် တစ်နိုင်ငံလုံး လွှမ်းခြုံသက်ရောက်နိုင်သည့် နိုင်ငံတော်၏ အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် နိုင်ငံတော်၏ အကူအညီများဖြင့် ရေးဆွဲခဲ့သော အစီအစဉ်ဖြစ်သကဲ့သို့ ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာ ပါဝင်ရေးဆွဲခဲ့သော အစီအစဉ်လည်းဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာလူထု၏ မျှော်မှန်းချက်ပန်းတိုင်များ ဖော်ထုတ်ရေးဆွဲနိုင်ရေး၊ မိသားစုများ၏ ဘဝများတိုးတက်ရေး၊ ရွာသူရွာသားတစ်ဦးချင်းစီ၏ အစွမ်းအစများတိုးတက်ရေး၊ ဆင်းရဲမှုနှင့် ထိခိုက်သက်ရောက်လွယ်မှုများ လျှော့နည်းပပျောက်ရေးတို့အတွက် ဤအစီအစဉ်ရေးဆွဲရာတွင် ကျေးရွာလူထုသည် ၎င်းတို့၏အမြင်များ၊ စိတ်ကူးများဖော်ထုတ်၍ ရေးဆွဲခဲ့ကြပါသည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် ကျေးရွာလူထုနှင့် ရွာရှိ အစုအဖွဲ့များ၏ စွမ်းရည်ကို မြှင့်တင်ပေးသည့် အစီအစဉ်တစ်ရပ်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်တွင် အသုံးပြုသော နည်းလမ်းများ၊ လုပ်ငန်းစဉ်များ၊ အသုံးပြုသည့် လုပ်ထုံးလုပ်နည်းများသည် ကျေးရွာလူထု၏ အောက်ပါစွမ်းရည်များ တိုးတက်လာစေပါသည်။ ကျေးရွာရှိ အဖွဲ့အစည်းများ ခိုင်မာတောင့်တင်းရေးနှင့် စီမံအုပ်ချုပ်မှု စနစ်တိုးတက်ရေး၊ ရွာရှိအရင်းအမြစ်များကို စနစ်တကျ အသုံးချနိုင်ရန် အဆင်သင့်ဖြစ်စေရေး၊ ဖွံ့ဖြိုးရေး လုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ရေး စသည့် စွမ်းရည်များကို တိုးတက်လာစေမည်ဟု သိရပါသည်။

ဤအစီအစဉ်တွင်ရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများနှင့် ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် အစီအစဉ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျင့်သုံးရမည့် ဗျူဟာနှင့် ကျေးရွာအဆင့်တွင် ပံ့ပိုးရမည့် အစီအစဉ်နှင့်စီမံကိန်းများကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ဤအစီအစဉ်မှတ်တမ်းသည် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်လုပ်ငန်းအဖွဲ့များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုလည်း ရရှိရန် ဦးတည်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အောက်ပါအသုံးဝင်မှုများကို သိရှိစေရန် ကျွန်ုပ်တို့ မျှော်လင့်ပါသည်-

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

- ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာအုပ်စု အထောက်အကူပြု ကော်မတီ (VTDSC)၊
- မြို့နယ်အဆင့်တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဦးစီးဌာနများ၊
- ခရိုင်ရုံးများ၊
- ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များ။

ဤအစီအစဉ်သည် မြို့နယ်အဆင့် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများအနေဖြင့် ကျေးရွာလူထုအတွက် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများသတ်မှတ်ခြင်း၊ နည်းပညာအထောက်အပံ့ များပေးခြင်း၊ အုပ်ချုပ်ရေး၊ ဘဏ္ဍာရေးနှင့် စီမံကိန်းဆိုင်ရာဝန်ဆောင်မှုများပေးခြင်းတို့ ဆောင်ရွက်ရာတွင် ကိုးကားရမည့်မှုဘောင် တစ်ခု ဖြစ်ပါမည်။

ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ထိုသို့ တင်ပြခြင်းဖြင့် ၎င်းအဖွဲ့အစည်းများသည် ကျွန်ုပ်တို့ကျေးရွာအတွက် မူဝါဒဆိုင်ရာနှင့် ဖွံ့ဖြိုးရေးအထောက်အပံ့ဆိုင်ရာ အကူအညီများကို ပြင်ဆင်ဆောင်ရွက် ပေးနိုင်မည်ဟု ယုံကြည်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့်၎င်းတို့၏စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာနည်းကျကျ ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ(NGOs)၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများအတွက် အသုံးဝင်မှုအနေဖြင့် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။



CamScanner

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာ အထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ၎င်းတို့၏သုတေသနလုပ်ငန်းများ၊ ပြောင်းလဲအသုံးပြုရမည့် နည်းပညာများ၊ ဆက်စပ်သုတေသနလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

ဤအစီအစဉ်သည်မီဒီယာများ၊ အခြားဆက်သွယ်ရေးဌာနများနှင့် တောင်းဆိုဆွေးနွေးရေး (advocating) အဖွဲ့အစည်းများအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှ ယုံကြည်အားထားနိုင်သည့်သတင်းအချက်အလက်များကိုရရှိနိုင်မည်။ ထို့ကြောင့် ၎င်းအဖွဲ့အစည်းများသည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း၏တိုးတက်မှု၊ အခက်အခဲအဟန့်အတားစသည်တို့ကို မှန်ကန်စွာ သတင်းထုတ်ပြန်နိုင်မည်။ ထောက်ခံရေးသားပြောဆိုမှုများပြုလုပ်နိုင်မည်ဖြစ်သည်။

ဤအစီအစဉ်သည် နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေမည်။ အထူးသဖြင့် ၎င်းတို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။ ထို့ပြင်၎င်းတို့ပံ့ပိုးလိုသော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီကို မြို့နယ်အဆင့်တွင် ညှိနှိုင်းဆောင်ရွက်နိုင်လာပါမည်။

### (၁.၂) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွနုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့ မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်း ဖြစ်ပါ

သည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျေးရွာလူထု၏ ဖွံ့ဖြိုးရေးရည်မှန်းချက်များ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် ကျွန်ုပ်တို့တွင် အခက်ခဲအဟန့်အတားများရှိသည်ကို သတိပြုပြီးဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍လက်တွေ့အကောင် အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား မြန်မြန်ဆန်ဆန်နှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုနှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

### (၂) ကျေးရွာလူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များ

### (၂.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအကြောင်းအရာများ

ကျေးရွာတွင်မိသားစု (၁၅၁)စုရှိပြီး လူဦးရေစုစုပေါင်း (၅၇၆)ဦးရှိပါသည်။ ပျမ်းမျှ တစ်မိသားစုလျှင် (၄-၅)ဦးအထိရှိပါသည်။ အသက်(၁၅နှစ် မှ ၆၀ နှစ်) အထိအလုပ်လုပ်နိုင်သော လူဦးရေ ၇၄% ရှိပြီး (၁၅)နှစ်အောက်လူဦးရေနှင့် အသက်(၆၀)နှစ်အထက် လူဦးရေ စုစုပေါင်း၂၆% သည် မှီခိုသူများ ဖြစ်ကြပါသည်။

**ဇယား(၁) လူဦးရေ နှင့် လူဦးရေဆိုင်ရာ အကြောင်းအရာများ**

| အသက်အုပ်စု | အသက်အရွယ်အရ ပိုင်းခြားထားပုံ | မ | ကျား | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၅ | ၅ | ၁၀ |
| ၁ နှစ်–၅ နှစ်အောက် | ၃ နှစ်အောက် ကလေးငယ် | ၄ | ၃ | ၇ |
| ၅ နှစ်–၁၀ နှစ်အောက် | ၅ နှစ်အောက် ကလေးငယ် | ၁၄ | ၁၅ | ၂၉ |
| ၁၀ –၁၅ နှစ်အောက် | ကျောင်းနေ အရွယ်ကလေး | ၃၂ | ၃၂ | ၆၄ |
| ၁၅ နှစ်မှ ၆၀နှစ်ကြား | အလုပ်လုပ်နိုင် သောအရွယ် | ၂၁၂ | ၂၀၈ | ၄၂၀ |
| ၆၀ နှစ် နှင့်အထက် | အသက်ကြီးရွယ်ကြီး | ၂၃ | ၂၃ | ၄၆ |
| စုစုပေါင်း | | ၂၉၀ | ၂၈၆ | ၅၇၆ |

(၂.၂) အလုပ်လုပ်နိုင်သူအင်အား

အလုပ်လုပ်နိုင်သောအမျိုးသမီးဦးရေနှင့် အမျိုးသားဦးရေသည် ကွာခြားမှုမရှိလှပါ။ အမျိုးသားများနှင့် အမျိုးသမီးများသည်လယ်ယာလုပ်ငန်း၊ ကျပန်းလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ အထူးသဖြင့် အမျိုးသမီးများသည် အမျိုးသားများထက် အိမ်ထောင်ထိမ်းသိမ်းခြင်း လုပ်ငန်းများကို လုပ်ကိုင်ရသောကြောင့် အလုပ်လုပ်ချိန် ပိုမိုများပြားပါသည်။ အရွယ်ရောက်လူငယ်များသည် နေပြည်တော်၊ မြို့နယ်စည်ပင်တွင် နေ့စားအလုပ်ကို လုပ်ကိုင်ကြပါသည်။

(၂.၃) သဘာဝအရင်းအမြစ်အနေအထား

လယ်ယာလုပ်ငန်းကိုအဓိကထားလုပ်ကိုင်ကြပြီး မြေဩဇာကောင်းသော စိုက်ပျိုးမြေများဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံ၏ မြို့တော်နေပြည်တော်ကောင်စီနယ်မြေတွင် တည်ရှိသောကြောင့် စိုက်ပျိုးမြေတိုးချဲ့ရန်အခွင့်အလမ်းနည်းပါးပါသည်။ မယ်ဇလီကုန်းအုပ်စုတွင် လယ်မြေဧကစုစုပေါင်း(၅၇၈)ဧကရှိသည့်အနက် ကျေးရွာသူရွာသားပိုင် လယ်ဧက (၁၄၈.၉၉) ဧကရှိပါသည်။ နွေစပါးစိုက်ပျိုးရန် လယ်ဧက ၆၀ (၄၀%)သာအစိုးရ၏ တာတမံမှ သွင်းရေရရှိပါသည်။

ဇယား(၂) စိုက်ပျိုးမြေ

| စဉ် | မြေအမျိုးအစား | ပမာဏ (ဧက) | မြေအရည်အသွေး | ဆည်ရေရရှိမှု | ရေအရင်းအမြစ်ရရှိနိုင်မှု |
|---|---|---|---|---|---|
| ၁ | လယ်မြေ | ၁၄၈.၉၉ | ကောင်း | အသင့်အတင့်ရှိ | ငလိုက်ဆည် |
| ၂ | ယာမြေ | ၂ | ကောင်း | | |
| ၃ | ပလပ်မြေ | – | | | |
| | စုစုပေါင်း | ၁၅၀.၉၉ | | | |

(၂.၄) ကျေးလက်မိသားစုများ၏စီးပွားရေးအခြေအနေ

ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်း(PRA) တွင် ကျေးရွာမိသားစုများ၏ ဥစ္စာဓနအဆင့်ခွဲခြားမှုနည်းလမ်းအရ ကျွန်ုပ်တို့ကျေးရွာလူထုသည် ယေဘုယျအားဖြင့် ဆင်းရဲသည်ကိုတွေ့ရှိရပါသည်။အိမ်ခြေ (၁၃၆)အိမ်ထောင်စု(၁၅၁)စုတွင် (၁)အိမ်တည်းသာ ချောင်လည်သည်ဟု ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။ ချောင်လည်သောမိသားစုများသည် စိုက်ပျိုးမြေ(၅)ဧကအထက် ပိုင်ဆိုင်သူများနှင့် စိုက်ပျိုးရေးသုံး စက်ပစ္စည်းကိရိယာများ ပိုင်ဆိုင်သောသူများ၊ ကျွဲနွား ပိုင်ဆိုင်သောသူများ ဖြစ်ကြပါသည်။ ဆင်းရဲသည်ဟု



CamScanner

သတ်မှတ်ထားသောသူများသည် မြေယာမဲ့များနှင့်စိုက်ပျိုးမြေတစ်ဧက အောက်ပိုင်ဆိုင်သောသူများ၊ကျပန်းအလုပ်လုပ်ကိုင်ကြသူများဖြစ်ပါသည်။ဥစ္စာစနေအဆင့်ခွဲခြားမှုစံနှုန်းသတ်မှတ်ချက်အသေးစိတ်အား နောက်ဆက်တွဲ(က.၁)တွင်ဖော်ပြထားပါသည်။

စိုက်ပျိုးမြေပိုင်ဆိုင်မှုအနေအထားသည် စီးပွားရေးအဆင့်အတန်းနှင့် ချမ်းသာ/ဆင်းရဲ မညီမျှမှုအချက်အလက်များကိုဖော်ပြပါသည်။ ဇယား(၂)တွင် ကျေးရွာအိမ်ထောင်စုများ၏ ၇၁% ကျော်သည်မြေယာမဲ့များဖြစ်သည်ဟုဖော်ပြထားပြီး ဆင်းရဲချမ်းသာ အဆင့်ခွဲခြားမှု နည်းလမ်းတွင်လည်း ယေဘုယျအားဖြင့် ဆင်းရဲသည်ဟုဖော်ပြထားပါသည်။ မြေပိုင်ဆိုင်သူစုစုပေါင်း၏ ၆၀%သည် မြေယာ(၂.၅)ဧကအောက် မြေယာအနည်းငယ်ပိုင်ဆိုင်သူများဖြစ်ကြပြီး ဆင်းရဲသားလယ်သမားများဖြစ်ကြပါသည်။ မြေယာပိုင်ဆိုင်မှုအနေဖြင့်အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ထပ်မံတိုးချဲ့၍မရတော့ပါ။

မွေးမြူရေးအနေဖြင့် ခိုင်းကျွဲ နွား(၁၆)ကောင်၊ နွားမငယ်(၆(ကောင်၊ ပိုင်ဆိုင်ကြပြီး တစ်ပိုင်တစ်နိုင်အားဖြင့် ဝက်(၃၂)ကောင်၊ ကြက်(၁၈၂)ကောင်တို့ကို မွေးမြူထားကြပါသည်။ ကျွဲနွားများကို ခိုင်းစေရန်အတွက်သာ မွေးမြူနိုင်ကြပြီး ရောင်းချရန်အတွက် စီးပွားဖြစ် မမွေးနိုင်ကြပါ။အတိအကျဆိုလျှင် ကျွန်တော်တို့ကျေးရွာလူထုသည် ဆင်းရဲမှု၊ ထိခိုက်သက်ရောက်လွယ်မှုများမှ လွတ်မြောက်စေရေးနှင့် ကျွန်ုပ်တို့၏စီးပွားရေးအနေအထား တိုးတက်ကောင်းမွန်လာစေရန်အလို့ငှာစိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ရှာဖွေဖော်ထုတ်ရမည်ဖြစ်သည်။

**ဇယား(၃)စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| စဉ် | မြေယာပိုင်ဆိုင်မှုပမာဏ | အိမ်ခြေ | စုစုပေါင်းအိမ်ထောင်စု % |
|---|---|---|---|
| ၁ | မြေမဲ့ယာမဲ့ | ၁၀၇ | ၇၁% |
| ၂ | ၀.၁ -၂.၅ဧက(၁ ဟတ်တာ) | ၂၆ | ၁၇% |
| ၃ | ၂.၅-၅ဧက(၁-၂ ဟတ်တာ) | ၉ | ၆% |
| ၄ | ၅-၁၂.၅)ဧက(၂-၅ ဟတ်တာ) | ၉ | ၆% |
| ၅ | (၁၂.၅)ဧကအထက်(၅ ဟတ်တာအထက်) | − | − |
| | စုစုပေါင်း | ၁၅၁ | ၁၀၀% |



CamScanner

စားနပ်ရိက္ခာဖူလုံရေးအနေအထားနှင့်ပတ်သက်၍ သတင်းအချက်အလက်များစုဆောင်းရန် အချိန်အနည်းငယ်ပေးရမည်ဖြစ်သည်။ ဆင်းရဲသောမိသားစုများသည် အမျိုးမျိုးသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများလုပ်ကိုင်ရင်း မိမိတို့ဘဝရပ်တည်နိုင်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်နေသည်ကိုတွေ့ရမည်။၎င်းတို့သည်အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ နည်းလမ်းများ အသုံးပြု၍ လုပ်ကိုင်စားသောက်ကြသော်လည်း မိသားစုအများစုမှာ စားနပ်ရိက္ခာမဖူလုံမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

## (၂.၅) ထိနိုက်သက်ရောက်လွယ်မှု

### (၂.၅.၁) ထိနိုက်သက်ရောက်လွယ်ဆုံးအုပ်စု

ထိနိုက်သက်ရောက်လွယ်သောမိသားစုများသည် အမျိုးသမီးဦးဆောင်သော ဆင်းရဲသည့် အိမ်ထောင်စုများ၊ အဆင်းရဲဆုံးတောင်သူများနှင့် မြေယာမဲ့ကျပန်း အလုပ်သမားများ ဖြစ်ကြသည်။၎င်းတို့သည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းပိုင်ဆိုင်မှုများနှင့် စားနပ်ရိက္ခာဖူလုံမှု မရှိသောမိသားစုများဖြစ်ကြသည်။ ကျေးရွာအတွင်းရှိလူငယ်အချို့မှာ နေပြည်တော်ကောင်စီ နယ်မြေမှလွဲ၍ အခြားတွင်သွားရောက်အလုပ်လုပ်ကိုင်ခြင်းမရှိကြပါ။ ကျေးရွာရှိ ၃၀%ကျော် အိမ်ထောင်စုများသည် အရက်သေစာ သောက်စားခြင်းကြောင့် ဖြစ်ပေါ်စေသော အသဲနှင့် ပတ်သက်သော ရောဂါများကို ခံစားနေကြရပါသည်။

| စဉ် | အဖွဲ့ | အန္တရာယ်ဖြစ်နိုင်ခြေ အဆင့် | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ်အဖွဲ့ | မြင့် | အိမ်ထောင်စု ၃၀%ကျော် အမျိုးသားများ သည် အရက်သေစာ သောက်စားခြင်း ကြောင့် ဝမ်းဗိုက်ဖောရောင်ခြင်း နှင့် အသဲရောဂါ များ ဖြစ်ပွားလာခြင်း၊ အသဲကြောင့် သေဆုံးခြင်း။ |
| ၂ | အမျိုးသမီးဦး ဆောင်သော ဆင်းရဲသား အဖွဲ့ | မြင့် | စားနပ်ရိက္ခာလုံလောက်မှုမရှိခြင်း နှင့်ကြုံတွေ့ ရနိုင် |
| ၃ | မြေယာမဲ့၊ ဆင်းရဲသား တောင်သူများ အဖွဲ့ | မြင့် | သဘာဝဘေးအန္တရာယ်ဖြစ်သော မိုးခေါင်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးရွာသွန်းခြင်းနှင့် သီးနှံများတွင်ဖျက်ပိုးများ၊ ရောဂါများ ကျရောက်ခြင်း၊ တိရစ္ဆာန် ရောဂါ များ ဆိုးရွားစွာ ကျရောက်ခြင်း၊ ဝက်စာ မလုံ |

| | | | |
|---|---|---|---|
| | | | လောက်ခြင်း၊ တိရစ္ဆာန်နှင့် သီးနှံဈေးနှုန်း မတည်ငြိမ်ခြင်း တို့ဖြင့်ကြုံတွေ့ရနိုင်ခြင်း |
| ၄ | ကျပန်း အလုပ်သမားအဖွဲ့ | မြင့် | စားနပ်ရိက္ခာလုံလောက်မှုမရှိခြင်းနှင့်ကြုံတွေ့ရနိုင် |

(၂.၅.၂)တစ်ရွာလုံးအနေဖြင့်ထိခိုက်သက်ရောက်လွယ်မှုနှင့်ဖြစ်စေနိုင်မှုအခြေအနေ

ကျွန်တော်တို့ကျေးရွာလူထုအနေဖြင့် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်နှင့် သဘာဝဘေးကြောင့်ဖြစ်နိုင်သောအန္တရာယ်အမျိုးအစားများ(၁၈)မျိုးရှိပါသည်။ ၎င်းတို့ကိုအောက်ပါဇယား(၄)တွင် ဖော်ပြထားပါသည်။ ဆင်းရဲသောမိသားစုအများစုသည် မြေယာ၊ ရေအရင်းအမြစ်နှင့်အခြားသော အသက်မွေးဝမ်းကျောင်းလုပ်ရန်အတွက် အခက်အခဲများကြောင့် စီးပွားရေးထိခိုက်မှုများ ဖြစ်ပေါ်လာလျှင် ရပ်တည်ရန်စွမ်းဆောင်နိုင်စွမ်း မရှိသဖြင့် ထိခိုက်လွယ်သူများဖြစ်ကြသည်။

အလယ်အလတ်တန်းတောင်သူများနှင့်တောင်သူကြီးများသည်၎င်းတို့၏စိုက်ပျိုးမြေပေါ်တွင်ဓာတုဗေဒပစ္စည်းများ မဆင်မခြင်အသုံးပြုခြင်းနှင့် မြေယာထိန်းသိမ်းမှုနည်းပါးခြင်း၊ သဘာဝမြေသြဇာများ မသုံးစွဲခြင်းတို့ကြောင့်မြေဆီလွှာပျက်ဆီးခြင်း၊ ပိုးမွှားရောဂါကျရောက်ခြင်းတို့ကြောင့် သီးနှံများပျက်ဆီးခြင်းနှင့် သီးနှံအထွက်နှုန်းလျော့ကျစေနိုင်မှု အခြေအနေမြင့်မား နေပါသည်။

ကျေးရွာရှိ အိမ်ထောင်ဦးစီးအမျိုးသားများသည် အရက်သေစာသောက်စားခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဆိုးကျိုးများကို ခံစားနေကြရသည်။ တချို့မှာ အသဲရောဂါဝေဒနာ ခံစားနေကြရသလို တချို့သည် အသည်းရောဂါကြောင့် သေဆုံးခဲ့ကြပါသည်။

**ဇယား(၄) ကျေးရွာလူထုတစ်ရပ်လုံးတွင်ထိခိုက်သက်ရောက်နိုင်မှု**

| စဉ် | ထိခိုက်သက်ရောက်မှုအမျိုးအစား | ထိခိုက်နိုင်ခြေအဆင့် | မှတ်ချက် |
|---|---|---|---|
| | **စီးပွားရေး** | | |
| ၁ | စားနပ်ရိက္ခာမဖူလုံခြင်း | မြင့်မား | မြေယာမဲ့နှင့်ဆင်းရဲသားတောင်သူများသည် စားနပ်ရိက္ခာမဖူလုံမှုကို ကြုံတွေ့ ရနိုင်ပါသည်။ |
| ၂ | အရင်းအမြစ်ရှားပါးခြင်း (မြေ) | မြင့်မား | စိုက်ပျိုးမြေထပ်ချဲ့၍မရဘဲမြို့ပြဧရိယာချဲ့ထွင်လာခြင်းကြောင့်စိုက်ပျိုးမြေများတဖြည်း |

| | | | |
|---|---|---|---|
| | | | ပျက်စီးဆုံးရှုံးမှု မကြီးမားပါ ။ |
| ၈ | မီးဘေး | ဖြစ်နိုင်ခြေနည်း | နွေရာသီတွင်အန္တရာယ်ရှိနိုင်ပါသည်။ |
| ၉ | မြေတိုက်စားခြင်း၊ | ဖြစ်နိုင်ခြေနည်း | မြေပြန့်တွင် နေထိုင်ခြင်း၊ မြစ်ချောင်း များ မရှိခြင်းတို့ကြောင့် ကြုံတွေ့ရမှု နည်းပါးပါသည်။ |
| ၁၀ | မြေဆီလွှာဆုတ်ယုတ်ခြင်း | ဖြစ်နိုင်ခြေများ | စိုက်ပျိုးရေး ဓာတုဆေးများကိုအသုံးပြုခြင်းကြောင့်မြေဆီလွှာသည် အတိုင်းအတာတစ်ခုအထိပျက်စီးနိုင်သည်။လယ်သမားများသည် မြေဆီလွှာပြုပြင်သော နည်းလမ်းများကို အသုံးပြုခြင်းမရှိသေးပါ ။ |

## (၃) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ (Current Development Situation)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့်ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော် ရာတွင် ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ရန်များစွာ အထောက်အကူပြုနိုင်ပါသည်။

### (၃.၁) ပြဿနာများနှင့်ဖြစ်ပွားရသည့်အကြောင်းရင်းအကျဉ်းချုပ်

ကျွန်ုပ်တို့ရင်ဆိုင်ကျော်လွှားရမည့် ဖွံ့ဖြိုးရေးဆိုင်ရာပြဿနာကိစ္စရပ်များကို အောက်တွင် အကျဉ်းချုပ်ဖော်ပြထားပါသည်။ဖြစ်ပေါ်ရသည့်အကြောင်းရင်းအသီးသီးကိုဖော်ထုတ်ပြီး ဖြစ်နိုင်သောဖြေရှင်းနည်းများလည်းဖော်ထုတ်ခဲ့ကြပါသည်။ ထိုမှတစ်ဆင့်ဆက်လက်လုပ်ဆောင်နိုင်ရန် သင့်တော်သောလုပ်ငန်းအစီအမံများကို ချမှတ်ခဲ့ပါသည်။

| ကျေးရွာဖွံ့ဖြိုးရေးအတွက် ပြဿနာ အကြောင်းအရာ | ဖြစ်ပေါ်စေသော အကြောင်းရင်းဇစ်မြစ် |
|---|---|
| **အဖွဲ့အစည်းဆိုင်ရာကဏ္ဍ** | |
| •အစဉ်အလာအရဖွဲ့စည်းခဲ့ သော ဘာသာရေး၊ လူမှုရေးအဖွဲ့များသာ ရှိပြီး ကျေးရွာစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှင့် ဦးဆောင်မှုပြုမည့် အဖွဲ့စည်းစနစ်မရှိသေးခြင်း၊<br>•ကျေးရွာတွင်းလက်ရှိ အဖွဲ့အစည်းများ အချင်းချင်း ကြား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မှု စနစ် မရှိခြင်း၊ | •ကျေးရွာဖွံ့ဖြိုးရေးကို စီမံချက်ဖြင့် စနစ်တကျဆောင်ရွက်သည့်အစီအစဉ်မရှိခဲ့ခြင်း၊<br>•အဖွဲ့အစည်းဆိုင်ရာ သဘောတရား များအား သိကျွမ်းမှုအားနည်းခြင်း၊ |



CamScanner

| | | | |
|---|---|---|---|
| | | | ဖြည်းချင်းလျော့ကျသွားပါ သည်။ |
| ၃ | ပိုးမွှားရောဂါကျရောက်မှု | မြင့်မား | တောင်သူ လယ်သမားများသည် အဓိက ဝင်ငွေရ သီးနှံအဖြစ် မတ်ပဲ ကိုစိုက်ပျိုးကြပါသည်။ မတ်ပဲသည် ယခင်က ၂၅ မှ ၃၀ တင်းထိ ထွက် ရှိသော်လည်း၊ ယခု အခါ ရောဂါကျရောက်သောကြောင့် အထွက်နှုန်းများ ကျဆင်းနေပြီး မရိတ်သိမ်းရတော့သည့် အခြေအနေသို့ ရောက်ရှိ နေ ပါသည်။ ထို့ပြင် မတ်ပဲသီးနှံ စိုက်၍ မရသည်အထိ ဖြစ်ပေါ်လျှက် ရှိပါ ယင်းသည် ဆင်းရဲသားတောင်သူများ၏အဓိကဝင်ငွေအားလျော့ကျစေသည့်ပြင်ဝမ်းစာဖူလုံမှုကိုခြိမ်းခြောက်လျှက် ရှိပါ သည်။ |
| | ကျန်းမာရေး | | |
| ၄ | ငှက်ဖျား | အလွန်နည်း | ငှက်ဖျားကူးစက်မှုဇုန်တွင်မကျရောက်သောကြောင့်ဖြစ်နိုင်ခြေနည်း၊ ငှက်ဖျားရောဂါအကြောင်းကျန်းမာရေးဗဟုသုတရှိသောကြောင့်ကူးစက်ခံရနိုင်ခြေသည်းပြီးကူးစက်ခံရလျှင်လည်း ထိရောက်စွာဆေးကုသမှုခံယူနိုင်ခြင်း |
| ၅ | တီဘီရောဂါ | အနည်းငယ်သာရှိ | တီဘီရောဂါအကြောင်း ကျန်းမာရေးဗဟုသုတ ရှိသောကြောင့်ကူးစက်ခံ ရလျှင်လည်း ထိရောက်စွာ ဆေးကုသမှု ခံယူနိုင်ခြင်း |
| | လူမှုရေး | | |
| ၆ | လူကုန်ကူးခြင်း | ဖြစ်နိုင်ခြေနည်း | အခြားနိုင်ငံသို့သွားရောက်အလုပ်လုပ်သူ မရှိသော်လည်း နိုင်ငံနှင့်အဝန်း လူကုန်ကူးမှုများဖြစ်နေသောကြောင့် သတိထားသင့်ပါသည်။ |
| | ပတ်ဝန်းကျင်နှင့်သဘာဝဘေးအန္တရာယ် | | |
| ၇ | လေပြင်းမုန်တိုင်း | ဖြစ်နိုင်ခြေနည်း | သဘာဝ ပတ်ဝန်းကျင်များ ထိန်းသိမ်းမှု အားနည်းလာသောကြောင့်မုန်တိုင်းအန္တရာယ် အခါအားလျော်စွာကြုံတွေ့ရနိုင်သော် လည်း |

| ကျေးရွာဖွံ့ဖြိုးရေးအတွက် ပြဿနာ အကြောင်းအရာ | ဖြစ်ပေါ်စေသော အကြောင်းရင်းဖစ်မြစ် |
|---|---|
| **စိုက်ပျိုးရေး (သီးနှံ)** | |
| • တိုးချဲ့စိုက်ပျိုးရန်မြေနေရာမရှိခြင်း<br>• စိုက်ပျိုးစရိတ်မလုံလောက်ခြင်း<br>• မတ်ပဲစိုက်ဇကများဆိုးဝါးစွာ ကျဆင်းခြင်း | • နေပြည်တော် နယ်မြေအတွင်း စိုက်ပျိုးမြေ တိုးချဲ့ရန်မဖြစ်နိုင်သောကြောင့်၊<br>• မြန်မာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု ဘဏ် MADB မှထုတ်ချေးသောချေးငွေ မလုံလောက်ခြင်း၊<br>• နွေရာသီတွင်ရေသွင်းစိုက်ပျိုးရန်ရေ မရရှိခြင်း (လက်ရှိရေအရင်း အမြစ်သည် နေပြည်တော်ကောင်စီနယ်မြေရှိစံပြစိုက် ကွက်များအတွက်သာလုံလောက်မှုရှိခြင်း)၊<br>• ဆည်အတွင်းရေနည်းပါးခြင်း၊<br>• မတ်ပဲပိုးမွှားရောဂါ ကျရောက်ခြင်း။ |
| **မွေးမြူရေးကဏ္ဍ**<br>• မိသားစုဝင်ငွေတိုးတက် ရေးအတွက် မွေးမြူ ရေး လုပ်ငန်းကို တိုးတက်မဆောင်ရွက် နိုင်ခြင်း | • ငွေကြေးချို့တဲ့မပြည့်စုံခြင်း၊<br>• သင့်တော်သော မွေးမြူရေး ဝန်ဆောင်မှု မရရှိခြင်း၊<br>• မွေးမြူရေးနည်းပညာ နှင့် စီမံခန့်ခွဲမှု အား နည်းခြင်း၊ |
| **အခြားစီးပွားရေးလုပ်ငန်းများ**<br>• နွေရာသီတွင်အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်း၊<br>• ဝင်ငွေရရှိနိုင်သည့် အလုပ်အကိုင်၊ အခွင့်အလမ်းများကို မရှာဖွေနိုင်ခြင်း။ | • အသေးစားဝင်ငွေရလုပ်ငန်းများ တည် ထောင် ရန်နှင့် လုပ်ငန်းလည်ပတ်ရန် အရင်းအနှီးမရှိခြင်း၊<br>• အခြားဝင်ငွေရ လုပ်ငန်းများအတွက် စီးပွားရေးအသိအမြင်၊ကျွမ်းကျင်မှုနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မှုအားနည်းခြင်း။ |
| **ပညာရေး**<br>• ကျောင်းနေအရွယ်ကလေးများလုံခြုံစိတ်ချ စွာဖြင့် ကျောင်းမနေနိုင်ခြင်း။ | • မူလတန်းကျောင်း မရှိခြင်း။<br>• ကျောင်းနေရွယ် ကလေးများ အခြားရွာရှိ မူလတန်းကျောင်းသို့ သွားရာတွင် ရန်ကုန် မန္တလေး အဝေးပြေးလမ်းမကို |

| ကျေးရွာဖွံ့ဖြိုးရေးအတွက် ပြဿနာ အကြောင်းအရာ | ဖြစ်ပေါ်စေသော အကြောင်းရင်းဇစ်မြစ် |
|---|---|
| | ဖြတ်၍ သွားရခြင်း။ |
| **ကျန်းမာရေး** | |
| • အရက်သောက်ခြင်းကြောင့် အချို့သော အမျိုးသားများ အသဲရောဂါ ခံစားနေကြရခြင်း၊ အသဲကြောင့် သေဆုံးခြင်း။ | • ကျန်းမာရေးဆိုင်ရာ အသိအမြင်နှင့် အရက်အလွန်အကျွံသောက်ခြင်း၏ဆိုးကျိုးများကို အလေးထားရန်သိနားလည်မှု အားနည်းခြင်း၊ |
| **လျှပ်စစ်မီးရရှိမှု** | |
| • ပင်မဓါတ်အားလိုင်းသို့ ရွာမှ ကိုယ်ထူ ကိုယ်ထ ဓာတ်ကြိုး သွယ်တန်းထားသော်လည်း အိမ်ခြေ(၈၆) သည် လျှပ်စစ်မီ မရရှိသေးခြင်း။ | • ကိုယ်ပိုင်ငွေဖြင့် ကုန်ကျစရိတ်မတတ် နိုင်ခြင်း။<br>• ပင်မဓါတ်အားလိုင်းမှနေ၍ ရွာသို့ ဆက်သွယ်ရာတွင် အစိုးရမှ ကူညီပံ့ပိုးမှု မပြုနိုင်ခြင်း။ |

## (၃.၂) ကျေးရွာဖွံ့ဖြိုးရေးနှင့်စီမံအုပ်ချုပ်မှု

### (၃.၂.၁) လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင်စီမံအုပ်ချုပ်မှု

ကျေးရွာတွင် အဖွဲ့(၁၄)ဖွဲ့ကို ဖွဲ့စည်းပြီး ကျေးရွာလူထုအကျိုးပြု လူမှုရေးလုပ်ငန်း များကို ဆောင်ရွက်ခဲ့ပါသည်။

ပညာရေးကဏ္ဍအတွက် လမ်းပြကြယ်ပညာရေးဖွံ့ဖြိုးမှု ဖောင်ဒေးရှင်းကို ၂၀၁၁တွင် ဖွဲ့စည်းပြီး ကော်မတီဝင်(၂၆)ဦးဖြင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျှက် ရှိပါသည်။

ကျေးရွာလူမှုရေးအဖွဲ့(သာရေး၊နာရေး)ကိုရပ်မိရပ်ဖများ၊အမျိုးသမီး/အမျိုးသားများ၊လူငယ်များနှင့် ပါ ဝင်ဖွဲ့စည်းထားပြီး လူငယ်များမှာအမြဲတက်ကြွမှုရှိကြပါသည်။ ကျေးရွာ၏ သာရေး၊ နာရေးကိစ္စရပ်များဖြစ်ပေါ်လာပါက ကျေးရွာမှ ကူညီလုပ်ဆောင်ကြရန်နှင့် လိုအပ်သည်များ ပံ့ပိုးကူညီရန် ဖြစ်ပါသည်။

၂၀၁၃ ခုနှစ်မှစတင်၍ ကျေးရွာမီးလင်းရေးကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။ ကျေးရွာအတွင်း ဥစ္စာခနပိုင်ဆိုင်မှုအရ ထည့်ဝင်ရမည့် ငွေကြေးကောက်ခံခြင်း၊ ပြင်ပနှင့် ချိတ်ဆက်

ဆောင်ရွက်ခြင်း၊ ငွေကြေးရှာဖွေခြင်းတို့ကို စနစ်တကျ လုပ်ဆောင်ကြပါသည်။ ကျေးရွာတွင် အိမ်ခြေ (၅၀) လျှပ်စစ်မီးတပ်ဆင်သုံးစွဲနေပြီ ဖြစ်ပါသည်။

အထက်ဖော်ပြပါအဖွဲ့(၃)ဖွဲ့သည်ကျေးရွာအတွင်းတက်ကြွစွာဆောင်ရွက်လျက် ရှိသော်လည်း ကျေးရွာမီးလင်းရေးကော်မတီတွင် ကျေးရွာတွင်းရှိ ဆင်းရဲသားအိမ်ခြေ(၈၆)အိမ်တွင် မီတာ တပ်ဆင်ရန်နှင့် မီးကြိုးသွယ်တန်းရန်အတွက် ကုန်ကျစရိတ်များအတွက်အဆင်ပြေစေရန် အခက် အခဲများစွာရှိပါသည်။

**ဇယား(၅) မဲဇလီကုန်းကျေးရွာရှိလူထုအခြေပြုအဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်း အမည် | ကော်မတီ ဦးရေ | | | အဓိကဆောင်ရွက် သောလုပ်ငန်း | စတင်ဖွဲ့စည်း သည့်ပုဂ္ဂိုလ် |
|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | | |
| ၁ | ကျေးရွာအုပ်ချုပ်ရေး | ၁၄ | ၀ | ၁၄ | စီမံအုပ်ချုပ်ရေး | ပြင်ပမှဖွဲ့စည်း ပေး |
| ၂ | ကျေးရွာဖွံ့ဖြိုးရေး အထောက် အကူပြုအဖွဲ့ | ၅ | ၀ | ၅ | ဖွံ့ဖြိုးရေး ကဏ္ဍ | ပြင်ပမှဖွဲ့စည်းပေး |
| ၃ | ကျေးရွာမြေအသုံး ချမှု စီမံခန့်ခွဲမှု ကော်မတီ | ၅ | ၀ | ၅ | မြေယာကဏ္ဍ | ပြင်ပမှဖွဲ့စည်းပေး |
| ၄ | မိခင် နှင့် ကလေး | ၀ | ၁၅ | ၁၅ | အမျိုးသမီးကဏ္ဍ | အမျိုးသမီးကဏ္ဍ |
| ၅ | အမျိုးသမီးရေးရာ | ၀ | ၁၅ | ၁၅ | အမျိုးသမီးကဏ္ဍ | ပြင်ပမှဖွဲ့စည်းပေး |
| ၆ | ကြက်ခြေနီ | ၂ | ၀ | ၂ | အရေးပေါ်ကျန်းမာ ရေးစောင့်ရှောက်ရန် | ပြင်ပမှဖွဲ့စည်းပေး |
| ၇ | အရံမီးသတ် တပ်ဖွဲ့ | ၂၄ | ၀ | ၂၄ | မီးဘေးအန္တရာယ် ကာကွယ်တားဆီးပေး | ပြင်ပမှဖွဲ့စည်းပေး |
| ၈ | လမ်းပြကြယ် ပညာရေးဖွံ့ဖြိုးမှု ဖောင်ဒေးရှင်း | ၁၃ | ၁၃ | ၂၆ | ပညာရေးကဏ္ဍ | ဦးနန္ဒိသေယ |
| ၉ | ကိုယ်ထူကိုယ်ထ မီးလင်းရေး ကော်မတီ | ၁၈ | ၂ | ၂၀ | ကျေးရွာမီးလင်းရေး | ကျေးရွာသားများ |

| | | | | | | |
|---|---|---|---|---|---|---|
| ၁၀ | ကျေးရွာလူမှုရေး အဖွဲ့အစည်း (သာရေး၊နာရေး) | | | ၁၄၈ | လူမှုရေးကဏ္ဍ | ကျေးရွာသားများ |
| ၁၁ | ဂေါပကအဖွဲ့ | ၅ | ၀ | ၅ | ဘာသာရေးလုပ်ငန်းများ | ကျေးရွာသားများ |
| ၁၂ | ရပ်မိရပ်ဖ | ၅ | ၀ | ၅ | လူမှုရေးကိစ္စ | ကျေးရွာသားများ |
| ၁၃ | ကာလသားခေါင်း | ၄ | ၀ | ၄ | လူမှုရေးကိစ္စ | ကျေးရွာသားများ |
| ၁၄ | အမျိုးသမီးခေါင်း | ၄ | ၀ | ၄ | လူမှုရေးကိစ္စ | ကျေးရွာသားများ |

ရည်ညွှန်း။ ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်း အချက်အလက်များ (၂၇၊ မေလ၊ ၂၀၁၅)

**(၃.၂.၂) စီမံခန့်ခွဲမှုနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ(Management and Development Scheme)**

စီမံခန့်ခွဲမှုနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ(Management and Development Scheme) အဖွဲ့(သို့) ကော်မတီများဖွဲ့စည်း၍ လုပ်ငန်းစဉ်အလိုက် စီမံခန့်ခွဲရန်နှင့် အကောင်အထည်ဖော်ရန် အတွက် သက်ဆိုင်ရာလုပ်ငန်းစဉ်အလိုက် လိုအပ်သောနည်းပညာများပေါ်တွင် မူတည်ပြီး လုပ်ငန်းကျွမ်းကျင်သော ကျေးရွာသားများဖြင့်ဖွဲ့စည်းထားပါသည်။

လမ်းပြကြယ်ပညာရေးဖွံ့ဖြိုးမှုဖောင်ဒေးရှင်းသည်မူလတန်း၊ အလယ်တန်း၊ အထက်တန်း ပညာရေးနှင့်ဆိုင်သောကိစ္စရပ်များ(ထောက်ပံ့ကြေးငွေ)များပံ့ပိုးပေးခြင်းများကိုဆောင်ရွက်ခြင်း၊ အခြေခံပညာအဆင့် အောင်မြင်သူများကို ဆုချီးမြှင့်ခြင်းနှင့် အခြေခံပညာ မူလတန်းကျောင်း ရရှိရေးတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာရှိ အဖွဲ့ဝင်များထံမှလစဉ်ထည့်ဝင်ကြေး ငွေ(၅၀၀)ကျပ်၊(၁၀၀၀)ကျပ်၊ (၂၀၀၀)ကျပ်ကောက်ခံခြင်း၊ အခြားသောအလှူရှင်များကိုရှာဖွေ ခြင်း၊ (၄)လတစ်ကြိမ် စာရင်းရှင်းတမ်းပြုလုပ်ခြင်းတို့ကို လုပ်ဆောင်ပါသည်။

ကျေးရွာလူမှုရေးအဖွဲ့(သာရေး၊နာရေး)သည် အဖွဲ့အတွင်း စည်းမျဉ်းစည်းကမ်းများ စနစ် တကျရေးဆွဲခြင်း၊ ငွေကြေးများ၊ စာရင်းဇယားများကို စနစ်တကျကိုင်တွယ်ခြင်းဖြင့် အမြင် ရှင်းလင်းမှုကို ဖြစ်ပေါ်စေပါသည်။ ကျေးရွာ၏သာရေး၊နာရေး ကိစ္စရပ်များ ဖြစ်ပေါ်လာပါက အဖွဲ့ဝင်များထံမှ တစ်အိမ်တောင်လျှင် ဆန်တစ်ပြည် နှင့် ငွေ၁၀၀၀ကျပ်အား ကောက်ခံ၍ ပံ့ပိုး ကူညီခြင်း၊ အရေးပေါ်လိုအပ်လာပါက ရန်ပုံငွေကို သုံးစွဲပိုင်ခွင့်ရှိခြင်းတို့ကို စည်းမျဉ်း စည်းကမ်းများ နှင့် အညီ စနစ်တကျ ဆောင်ရွက်လျက် ရှိပါသည်။



CamScanner

ကျေးရွာမီးလင်းရေးကော်မတီသည် ကျေးရွာမီးလုပ်သားတစ်ဦးကိုခန့်အပ်ထားပြီး မီတာအသုံးပြုခများကိုကောက်ယူ၍ မြို့နယ်လျှပ်စစ်ဌာနသို့ပေးသွင်းပါသည်။ ထို့ပြင် ရွာလမ်းမတစ်လျှောက် ထွန်းထားသည့် လမ်းမီးများအတွက် ကျသင့်ငွေကို မီတာသုံးစွဲသူများမှ အချိုးကျကျခံကြပါသည်။

## (၃.၂.၃) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျေးရွာ၏အခြေအနေကို ကျေးရွာသူကျေးရွာသားများ ကိုယ်တိုင်ပါဝင်ဆန်းစစ်အကဲဖြတ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် လေ့ကျင့်ပြုလုပ်စဉ်ကာလအတွင်း ပါဝင်တက်ရောက်သူများသည် ကျေးရွာအတွင်းရှိ အစုအဖွဲ့များ ညီညီညွတ်ညွတ်ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် ဤသို့ဆောင်ရွက်က ကျေးရွာဖွံ့ဖြိုးရေးကိစ္စရပ်များ ထိထိရောက်ရောက်အစီအစဉ်တကျဖြစ်ထွန်းမည်ကို ခံစားသိရှိလာကြပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဖွံ့ဖြိုးရေးအစီအစဉ်ကျွမ်းကျင်သူအဖွဲ့၏ရှင်းလင်းပြောကြားချက်များ အပေါ်အခြေခံ၍ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို အမျိုးသား(၈)ဦး၊ အမျိုးသမီး(၃)ဦးတို့ဖြင့်ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီသည်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အစီအစဉ်ရေးဆွဲခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ ကျေးရွာသယံဇာတများအသုံးချခြင်း၊ လုပ်ငန်းခွင်ကြီးကြပ်ခြင်း စသည်တို့ဆောင်ရွက်ပြီး လုပ်ငန်းကဏ္ဍအလိုက် ရည်ရွယ်၍ ဖွဲ့စည်းထားသော အဖွဲ့ငယ်များအား ဦးဆောင်ပါမည်။ကူညီပံ့ပိုးပေးပါမည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်ပုံမှန် အစည်းအဝေးပြုလုပ်၍ကျေးရွာဖွံ့ဖြိုးရေးကိစ္စရပ်များတိုင်ပင်ဆွေးနွေးကြပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများ၏ စီမံကိန်းအချက်အလက်များပြုစုခြင်း၊ ကိန်းဂဏန်းအချက် အလက်များ ထပ်မံကောက်ယူခြင်းတို့လုပ်ဆောင်ကြပါမည်။

## (၃.၃) စီးပွားရေးနှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

### (၃.၃.၁) စိုက်ပျိုးရေးသီးနှံ

တောင်သူ(၈၄)ဦးရှိ၍ လယ်ဧကစုစုပေါင်း (၁၄၈.၉၉)ဧကရှိပါသည်။ အဓိက သီးနှံမှာစပါးကိုမိုးသီးနှံအဖြစ်စိုက်ပျိုးကြပြီး မတ်ပဲကိုဆောင်းသီးနှံအဖြစ်စိုက်ပျိုးကြပါသည်။ ရေဆင်းစိုက်ပျိုးရေးသုတေသနဌာနမှ မျိုးကောင်းမျိုးသန့်စပါးမျိုး(ရှယ်သုခ)ကို နှစ်နှစ် တစ်ကြိမ်ဝယ်ယူ၍စိုက်ပျိုးကြပါသည်။ မျိုးသန့်ကို စိုက်ပျိုးပြီးထွက်ရှိလာသောစပါးများကို မျိုးအဖြစ်ဒုတိယနှစ်တွင် စိုက်ပျိုးကြပါသည်။စပါးကို ဇူလိုင်လတွင်စိုက်ပျိုး၍ နိုဝင်ဘာ၊ ဒီဇင်ဘာလတွင်ရိတ်သိမ်းကြပါသည်။ တောင်သူများသည် တစ်ဧကလျှင်နှစ်စဉ် ပျမ်းမျှတင်း (၈၀)မှ (၉၀)ကြားထွက်ရှိပါသည်။

မိုးစပါးအပြီးကျန်ရှိသောမြေအစိုဓာတ်ကိုအသုံးပြု၍ ဆောင်းသီးနှံအဖြစ် မတ်ပဲကို နို၀င်ဘာလတွင်စိုက်ပျိုးပြီး မတ်လတွင်ရိတ်သိမ်းပါသည်။ ပုံမှန်အားဖြင့်တစ်ဧကလျှင် မတ်ပဲ တင်း (၂၅-၃၀)ထွက်ရှိပြီးမတ်ပဲသီးနှံသည် မိသားစုဝင်ငွေရရှိစေရန် အဓိကပံ့ပိုးပေးသော သီးနှံ တစ်ခုဖြစ်ပါသည်။ မိသားစုစားဝတ်နေရေးဖူလုံရေးအတွက် အားထားရသောသီးနှံ ဖြစ် သော်လည်း ယခုအခါ မတ်ပဲမှာ လုံးဝမရိတ်သိမ်းရဘဲဖြစ်နေသည်မှာ ၂ နှစ်ခန့်ရှိပြီဖြစ်ပါသည်။ မတ်ပဲသီးနှံ မစိုက်ပျိုးနိုင်ခြင်းသည် အလယ်အလတ်တန်းစားနှင့် ဆင်းရဲသားမိသားစုများ၏ ဝမ်းစာဖူလုံရေးကို ထိခိုက်လျှက်ရှိပါသည်။ မိမိတို့တတ်နိုင်သမျှသော နည်းလမ်းများကို အသုံး ပြု၍ နှိမ်နင်းသော်လည်း အောင်မြင်မှုမရခဲ့ပါ။ ရောဂါပိုးမွှားကျရောက်၍သော်လည်းကောင်း၊ မည်သည့်အတွက်ကြောင့် အထွက်နှုန်းလျော့ကျနေသည်ကိုမသိရှိသေးပါ ။ စိုက်ပျိုးရေး ဆေး ကုမ္ပဏီများ လာရောက်သော်လည်းမိမိတို့ဆေးရောင်းရရေးကိုသာ ဦးတည်ပြီး ထိရောက်သော နည်းလမ်းကို မပေးကြပါ။ မတ်ပဲအစား ပဲတီစိမ်းကိုစိုက်ပျိုးကြရာ အပင်များကောင်းသော်လည်း အသီးသီးချိန်တွင် မတ်ပဲကဲ့သို့ အပင်များဝါလာကာ သေပါသည်။ပဲပိစပ်ကို စိုက်ပျိုးသော်လည်း အထွက်နှုန်းနည်းပါးသည့်ပြင် ဈေးနှုန်းနည်းခြင်းကြောင့် စီးပွားရေးတွက်ခြေမကိုက်ပါ။

နှမ်းသီးနှံအတွက် အစိုးရမှပံ့ပိုးသော ငလိုက်ဆည်မှ သွင်းရေရရှိသော်လည်း နှမ်းစပါးများ အတွက် သွင်းရေလုံလောက်စွာ မရရှိကြပါ။ နှမ်းစပါးစိုက်ပျိုးရန် ဧက(၁၄၈.၉၉)ကျော် ရှိသော်လည်း ဆည်ရေမရရှိသောကြောင့် ဧက(၆၀)သာ စိုက်ပျိုးနိုင်ပါသည်။ အများအားဖြင့် ပုလဲသွယ်မျိုးကိုစိုက်ပျိုးပြီး နှစ်စဉ်တစ်ဧကတင်း (၁၀၀)ကျော်ထွက်ရှိသည်။ ဆည်ရေ လုံလောက်စွာ ရရှိပါက လယ်ဧကအားလုံး စိုက်ပျိုးနိုင်မည်ဖြစ်ပါသည်။

**စိုက်ပျိုးရေးလုပ်ငန်းသုံးကိရိယာများ**

ကျေးရွာတွင်းရှိလယ်သမားများ၏ကိုယ်ပိုင်လယ်ယာသုံးပစ္စည်းများမှာ-

(က) လက်တွန်းထွန်စက် (၁၆)ခု၊

(ခ) ရေစုပ်စက် ၄ လက်မ (၁)ခု၊

(ဂ) ရေစုပ်စက် ၂ လက်မ (၄)လုံး တို့ဖြစ်ကြပါသည်။

စပါးစိုက်ပျိုးရာတွင် ကြဲပက်စိုက်ပျိုးကြပြီး မြေထွန်ယက်ခြင်းလုပ်ငန်းအတွက် ထွန်စက် ငှားရမ်းခ တစ်ဧက၊ တစ်လွှာ (၁၅၀၀၀)ကျပ်၊ ခြွေလှေ့စက်အသေး ၇၅ကောင်အား တစ်ဧက ၄၅၀၀၀ကျပ်၊ ရေစုပ်စက် (၄)လက်မရေထွက်ပိုက်အတွက် တစ်နာရီလျှင် (၄၀၀၀) ကျပ်၊ ကောက်စိုက်သမ အလွန်ရှားပါးလာသောကြောင့် ပျိုးနှုတ်၊ ကောက်စိုက်နှစ်မျိုးစလုံးအတွက်



CamScanner

တစ်ဧကလျှင် (၅၀၀၀၀)ကျပ်၊ ကောက်စိုက်ရုံအတွက် တစ်ဧကလျှင် (၂၅၀၀၀)ကျပ်၊ ပေါင်းသင် အတွက် နေ့တွက်စရိတ် (၃၀၀၀)ကျပ်နှင့် မျိုးစေ့ချကိရိယာ (၆/၈ပေါက်) ကိုသုံးစွဲပါက လူ(၂)ဦးလုပ်အားခအပါအဝင် တစ်ဧက (၁၀၀၀၀)ကျပ် ပေးရပါသည်။ တစ်ရက်လျှင်၃ဧကအထိ ပြီးနိုင်ပါသည်။ ပေါင်းအနည်းအများပေါ်မူတည်၍ တစ်ဧကလျှင် လူ(၁၀)ဦးမှ (၂၀)ဦးအထိ အသုံးပြုရပါသည်။

| စဉ် | အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| ၁ | စိုက်ပျိုးမြေ | မြေဩဇာကောင်းသည်။ |
| ၂ | ရေရရှိမှု | ငလိုက်ဆည်မှ စိုက်ပျိုးရေရရှိနိုင်ပါသည်။ |
| ၃ | ချေးငွေစနစ် | သူရိယ အသေးစားချေးငွေ ဝန်ဆောင်မှုစနစ် ကျေးရွာတွင်စတင်ဆောင်ရွက်နေခြင်း၊ |
| ၄ | လယ်ယာသုံးစက်မှုပစ္စည်း | မက်ဂို ကုမ္ပဏီမှ စိုက်ပျိုးရေးသုံးပစ္စည်းများ အလွယ်တကူ ငှားရမ်းသုံးစွဲနိုင်။ |
| ၅ | လယ်ယာသုံးသွင်းအားစု | ပျဉ်းမနားတွင်အလွယ်တကူဝယ်ယူနိုင် |
| ၆ | ဝန်ဆောင်မှုဈေးကွက် | စိုက်ပျိုးရေးဆေးကုမ္ပဏီမှရရှိနိုင်သော်လည်းတစ်ချို့ တစ်ဝက်သာရရှိနိုင် |
| ၇ | စိုက်ပျိုးရေးထုတ်ကုန်နှင့် ကုန်စည်ရောင်းဝယ်မှု | ပွဲစားထံအလွယ်တကူရောင်းချနိုင်(သို့) ပျဉ်းမနားသို့သွားရောက် ရောင်းချနိုင် |
| ၈ | အဆောက်အအုံကဏ္ဍနှင့် ဝန်ဆောင်မှု | လမ်းပန်းဆက်သွယ်ရေးကောင်းမွန်၍ အလွယ်တကူဈေးကွက်သို့ ရောင်းချနိုင်(စိုက်ပျိုးရေးသွင်းအားစုများအချိန်မီ ရရှိနိုင်သော ဈေးကွက်) |

တောင်သူဦးကြီးများအနေဖြင့် သဘာဝမြေဆွေး၊ သဘာဝမြေဩဇာနှင့်တမာကဲ့သို့သော သဘာဝပိုးသတ်ဆေးများကိုအသုံးပြုခြင်းဖြင့် သီးနှံအထွက်နှုန်းတိုးတက်ရန် ဆောင်ရွက် ကြရပါမည်။ စိုက်ပျိုးရေးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် နည်းပညာဗဟုသုတများ လက်လှမ်းမီအောင် လုပ်ဆောင်ကြရပါမည်။

နွေရာသီတွင်ရေသွင်းစိုက်ပျိုးရေးစနစ်ကိုအသုံးချပြီး သုံးသီးစားစနစ်ကို အကောင်အထည် ဖော်ရန် တောင်သူများအနေဖြင့် များစွာစိတ်အားထက်သန်ကြပါသည်။ လက်ရှိအနေဖြင့် စပါးနှင့်မတ်ပဲကိုသာ အဓိကထားစိုက်ပျိုးကြပြီး အကယ်၍မတ်လအကုန်တွင် စိုက်ပျိုးရေ

တစ်ရေသာရရှိမည်ဆိုပါက နွေနှမ်း နှင့် နွေစပါးကိုစိုက်ပျိုး၍သော်လည်းကောင်း၊ စပါး၊ မတ်ပဲ၊ စပါး သုံးသီးစားလုပ်နိုင်ကြပါမည်။

**အခက်အခဲပြဿနာများ**

လယ်သမားများအဓိကရင်ဆိုင်ကြုံတွေ့နေရသောပြဿနာများမှာ-

| စဉ် | ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| ၁ | စိုက်ပျိုးမြေ | စိုက်ပျိုးမြေ ထပ်မံတိုးချဲ့၍မဖြစ်နိုင်ခြင်း |
| ၂ | ချေးငွေရရှိနိုင်မှု | မျှတသောအတိုးနှုန်းဖြင့်လိုအပ်သလောက်ချေးငွေမရရှိနိုင် |
| ၃ | သွင်းအားစုများအားအချိန်မီ အသုံးပြုနိုင်မှု | လိုအပ်သောသွင်းအားစုများကို လိုအပ်သလောက် အချိန်မီ မြှုပ်နှံရန် လယ်သမားများတွင်အရင်းအနှီးမရှိ။ |
| ၄ | ကျွမ်းကျင်လုပ်သားရှားပါးမှု | အလုပ်သမားများ လယ်ယာလုပ်ငန်းထက် ဝင်ငွေပိုမို ကောင်းမွန်သော အလုပ်များရှိရာနေရာစုံသို့ သွားရောက် လုပ်ကိုင်ကြခြင်း။ |
| ၅ | စိုက်ပျိုးရေရရှိမှု | ဆည်မြောင်းဦးစီးဌာနနှင့်တိုင်ပင်ဆွေးနွေး၍ ငလိုက်ဆည် မှနွေရာသီတွင်သွင်းရေရရှိအောင်ဆောင်ရွက်ရန်လိုအပ် ခြင်း |
| ၆ | မိုးရေချိန်မလုံလောက်မှု | တစ်ချို့နှစ်များတွင်မိုးခေါင်ပါသည်။ |
| ၇ | ဖျက်ပိုးနှင့်ရောဂါကျရောက်မှု | မတ်ပဲ၊ ပဲဒီစိမ်းတွင် ရောဂါကျရောက်သဖြင့် အထွက်နှုန်း နည်းပါးခြင်း၊ တောင်သူများတွင် သီးနှံကာကွယ်ရေးနှင့် ဆိုင်သောအသိပညာနည်းပါးခြင်း။ |
| ၈ | နည်းပညာရရှိနိုင်မှု | သက်ဆိုင်ရာအစိုးရဌာနမှလုံလောက်သောပံ့ပိုးမှုမရခြင်း။ ချိတ်ဆက်မှု မရှိခြင်း။ |
| ၉ | ဈေးနှုန်းမတည်ငြိမ်မှု၊ ဖောင်းပွမှုကြောင့်ဈေးကွက် မငြိမ်သက်မှု | သီးနှံဈေးကွက်အတက်အကျဖြစ်ခြင်း |
| ၁၀ | အစိုးရမူဝါဒနှင့် ပံ့ပိုးပေးမှု | အစိုးရတွင် ထုတ်လုပ်သူများအား အကာအကွယ် ပေးသောမူဝါဒမရှိသေးခြင်း |

အလုပ်သမားရှားပါးခြင်း၊ လုပ်ခဈေးကြီးခြင်းတို့ကြောင့် ပေါင်းသတ်ဆေးများ အသုံးပြုလာခြင်း၊စက်ကိရိယာများအစားထိုး သုံးစွဲခြင်းတို့ကိုပြုလုပ်လာကြပါသည်။ အလုပ်သမားရှားပါးခြင်းကြောင့် စပါးများကိုကြဲပတ်စိုက်ပျိုးခြင်းကိုသာ အများစုလုပ်ကိုင်ကြပြီး ပေါင်းသတ်

ဆေးမဆင်မခြင်သုံးစွဲသော အလေ့အကျင့် ထွန်းကားနေပါသည်။ ထို့ပြင် အလုပ်သမား ရှားပါးခြင်းသည် စိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန် နောက်ကျခြင်းတို့ကို ဖြစ်ပေါ်စေသည့်အပြင် သီးနှံ အထွက်နှုန်းကိုလည်း ထိခိုက်စေနိုင်ပါသည်။

ချေးငွေစနစ်တင်းကျပ်မှုကြောင့် သီးနှံရောင်းချရန်အတွက် ဈေးကောင်းရသည်အထိ မစောင့်နိုင်ခြင်း၊ ဈေးနှုန်းမတည်ငြိမ်မှုကြောင့် ဝင်ငွေနည်းပါးခြင်း၊ ထို့ပြင် ကုန်ကျစရိတ်နှင့် မကာမိခြင်းတို့ကြောင့် အကျိုးအမြတ်ရရှိမှု နည်းပါးကြပါသည်။

လယ်သမားများအနေဖြင့်စိုက်ပျိုးရေးသုံးပစ္စည်းများကိုကုမ္ပဏီမှဈေးနှုန်းသက်သာစွာဖြင့် ဝယ်လိုကြသည်။ တောင်သူများအနေဖြင့် ၎င်းတို့ဝယ်ယူရရှိသောစိုက်ပျိုးရေးသုံးပစ္စည်းများမှာ ဈေးနှုန်းမြင့်မားနေရခြင်းမှာ ကြားခံအဆင့်များက အဆင့်ဆင့်အမြတ်တင်ကြသောကြောင့် ဖြစ်ပါသည်။ သီးနှံရောင်းချရန်နှင့်သွင်းအားစုများဝယ်ယူရာတွင် စီးပွားရေးအရတွက်ချေကိုက် စေရန်စုပေါင်းရောင်းဝယ်သည့် စိတ်တူကိုယ်တူအဖွဲ့များဖွဲ့ရန်လိုအပ်ပါသည်။

သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲတောင်သူများအနေဖြင့် သီးနှံအထွက်နှုန်း ပုံမှန်ရရှိစေရန်အတွက် စိုက်ပျိုးရေးသုတေသနဌာနနှင့်တိုးချဲ့ပညာပေးရေးဌာနတို့မှ အကူအညီ ပေးနိုင်ပါသည်။

စိုက်ပျိုးရေးဌာနအနေဖြင့် သဘာဝမြေဩဇာပြုလုပ်နည်းကို လက်တွေ့ပြသပြုလုပ် ခဲ့သော်လည်း လယ်သမားများအနေဖြင့် သဘာဝမြေဩဇာပြုလုပ်သုံးစွဲလေ့မရှိကြပါ။ ဓါတု ဆေးဝါးများကို စည်းကမ်းမဲ့စွာ အသုံးပြုခြင်း၊ အမျိုးအစားမှန်ကန်စွာ အသုံးမပြုနိုင်ခြင်း၊ သင့်တော်သည့်၊ ရောဂါပိုးမွှားနှင့်ကိုက်ညီသည့်ဆေးများကို မှန်ကန်စွာအသုံးမပြုနိုင်ခြင်း တို့ကြောင့် သီးနှံအထွက်နှုန်းများကျဆင်းခြင်း၊ မြေဆီလွှာပျက်ဆီးခြင်းတို့ကို ရင်ဆိုင်နေကြ ရပါသည်။

ကျွန်တော်တို့ ကျေးရွာသည် ရေဆင်းစိုက်ပျိုးရေးသုတေသနဌာနနှင့် (၁၆)မိုင်သာ ကွာဝေး သော်လည်း ချိတ်ဆက် ဆောင်ရွက်မှုမရှိကြပါ။

**(၃.၃.၂)မွေးမြူရေးနှင့်ငါးလုပ်ငန်း**

၂၀၁၅ ဧပြီလစစ်တမ်းအရ ကြက်(၁၈၂)ကောင်၊ ခိုင်းကျွဲနွား (၁၆)ကောင်၊ နွားကလေး (၆)ကောင်၊ ဝက်(၃၂)ကောင်ပိုင်ဆိုင်ကြပါသည်။

ဝက်

ဝက်မွေးမြူရေးသည် အမြတ်အစွန်းရှိပြီးဆင်းရဲသောအိမ်ထောင်စုများအတွက် ဝက်ငယ်တစ်ကောင်အတွက်အရင်းအနှီးတတ်နိုင်ကြပါသည်။(၆-၈)လမွေးရုံနှင့်ဈေးကွက်သို့ တင်ပို့နိုင်ပြီး ဝင်ငွေရရှိနိုင်သောလုပ်ငန်းဖြစ်သော်လည်း ရင်ဆိုင်ရသည့်အခက်အခဲမှာ ဝက်ရောဂါဆိုးရှားစွာကျရောက်လာခြင်းဖြစ်ပါသည်။ သို့သော်အခါအားလျော်စွာကာကွယ်ဆေးများ စုပေါင်းထိုးနှံခြင်းအားဖြင့် ဝက်ရောဂါများဆိုးဝါးစွာကျရောက်မှုလျော့နည်းအောင်လုပ်ဆောင်နိုင်ပါသည်။

ကျွဲ၊နွား

ကောက်ရိုးသည်ကျွဲ၊နွားများအတွက် အဓိကအစားအစာဖြစ်ပြီးကျေးရွာအတွင်းတွင် ပေါများစွာရရှိနိုင်ပါသည်။ကျွဲနွားများကို ခိုင်းစေရန်အတွက်သာ မွေးမြူကြပြီး စီးပွားဖြစ်မွေးမြူရန်အတွက်အခက်အခဲမှာ ကျွဲ၊နွားဝယ်ယူရန်အရင်းအနှီးမတတ်နိုင်ခြင်းနှင့် ကျွဲနွားရောဂါကျရောက်တတ်ခြင်းဖြစ်ပါသည်။

ကြက်

ကြက်မွေးမြူရေးလုပ်ငန်းကို သတ်သတ်မှတ်မှတ် လုပ်ကိုင်သော အိမ်ထောင်စုများ မရှိကြပါ။ တစ်ပိုင်တစ်နိုင်မွေးမြူကြပြီး သဘာဝအလျှောက်သာမွေးမြူကြပါသည်။ ပျဉ်းမနားမြို့နှင့် မကွာဝေးသော်လည်း အသိပညာ၊ ဗဟုသုတနည်းပါးခြင်းကြောင့် ကြက်ကာကွယ်ဆေးထိုးခြင်းတို့ကို လုပ်ဆောင်ခြင်းမရှိကြပါ။ သို့အတွက်ကြောင့် ကြက်နာကျခြင်းများ ဖြစ်ပေါ်ကြပါသည်။

| စဉ် | အခွင့်အလမ်းများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| ၁ | ရေရရှိမှု | ရေအလွယ်တကူရရှိနိုင်ခြင်း(ရေချို) |
| ၂ | တိရစ္ဆာန်အစားအစာ | ကောက်ရိုး၊ မတ်ပဲပင်များသည် ကျွဲနွားများအတွက် ကောင်းမွန်သောအစာ များဖြစ်ပြီး ဖွဲနုနှင့်ဆန်ကွဲသည် ဝက်များအတွက် အဓိကအစားအစာဖြစ်၍ ပေါများစွာ ရရှိနိုင်ခြင်း |
| ၃ | သွင်းအားစုဈေးကွက် | တိရစ္ဆာန်အတွက်လိုအပ်သောဆေး/အစာများပျဉ်းမနားတွင် အလွယ်တကူ ရရှိနိုင်ခြင်း |
| ၄ | ဝန်ဆောင်မှုဆိုင်ရာဈေးကွက် | ပျဉ်းမနားတိမွေး/ကုဦးစီးဌာန၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ရေဆင်းနှင့်တိရစ္ဆာန်ဆေးကုသရေးဆေးရုံ (ရေဆင်း) |

| စဉ် | အခွင့်အလမ်းများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| ၅ | ထုတ်ကုန်ဈေးကွက် | ပွဲစားထံအလွယ်တကူရောင်းချနိုင်ခြင်း(သို့) ပျဉ်းမနား သို့ သွားရောက်ရောင်းချနိုင်ခြင်း |

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်း အချက်အလက်များ (၄-၆၊ ဧပြီလ၊ ၂၀၁၅)

| စဉ် | အခက်အခဲနှင့် ပြဿနာများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| ၁ | အရင်းအနှီး မလုံလောက် ခြင်း | သင့်လျော်သော ချေးငွေစနစ်မရှိခြင်း၊ |
| ၂ | မျိုးကောင်းမျိုးသန့် | မျိုးကောင်းမျိုးသန့်မွေးမြူရေး အသိ ပညာဗဟုသုတ နှင့် စိတ်ဝင်စား မှုမရှိခြင်း၊ဒေသမျိုးများကိုသာ မွေးမြူကြခြင်း |
| ၃ | ရောဂါဆိုးရှားစွာ ကျရောက်ခြင်း | မကြာခဏဆိုသလိုရောဂါဆိုးဆိုးရွားရွားကျရောက် တတ်ခြင်း၊ တိရစ္ဆာန်ကျန်းမာရေးအသိပညာနည်းပါး ခြင်းနှင့် ကာကွယ်ဆေးပြည့်မီစွာ မထိုးနှံခြင်းကြောင့် ဖြစ်ပါသည်။ |

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်း အချက်အလက်များ (၄-၆၊ ဧပြီလ၊ ၂၀၁၅)

**(၃.၃.၃)စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများ**

တောင်သူလယ်သမားများ၏အမျိုးသမီးများ၊ မြေမဲ့ယာမဲ့နှင့်ရာသီအလိုက်စိုက်ပျိုးရေး အလုပ်သမားများသည် အောက်တွင်ဖော်ပြထားသော စက်ရုံ၊ အလုပ်ရုံငယ်များနှင့် ဝန်ဆောင်မှု လုပ်ငန်းများတွင် အလုပ်လုပ်ကိုင် ကြပါသည်။

**ဇယား(၆) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ**

| စဉ် | ကျေးလက်ဒေသထုတ်ကုန် | အိမ်ခြေအရေအတွက် | ဈေးကွက်အလားအလာ (နိမ့်၊ မြင့်၊ သင့်) |
|---|---|---|---|
| ၁ | ကျေးလက်ဒေသတွင်းလုပ်ငန်းများ အတွက် ကျွမ်းကျင်လုပ်သား | ၂ | နိမ့် |
| ၂ | ကျေးလက်ဒေသတွင်းလုပ်ငန်းများ အတွက်အလုပ်ကြမ်းလုပ်သားများ | ၁၀ | မက်ကို ကုမ္ပဏီတွင် လခစား အဖြစ် လုပ်ကိုင်ကြခြင်း |



CamScanner

| စဉ် | ကျေးလက်ဒေသထုတ်ကုန် | အိမ်ခြေအရေ အတွက် | ဈေးကွက်အလားအလာ (နိမ့်၊ မြင့်၊ သင့်) |
|---|---|---|---|
| ၃ | စီးပွားရေးလုပ်ငန်းများတွင် ဝန်ဆောင် မှု | | |
| ၄ | ကုန်စုံဆိုင် | | |
| ၅ | ပျံကျဈေးသည် | ၁၀ | ရွာမှအပြင်ထွက်၍အခြားနေရာ များ သို့ ရောင်းချခြင်း |
| ၆ | အရောင်းစာရေး | | |
| ၇ | သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ၇ | |

**ကျွမ်းကျင်လုပ်သားနှင့်အလုပ်ကြမ်းလုပ်သားများ**

ကျေးရွာရှိ လူငယ်များသည် နေပြည်တော်၊မြို့တော်ခန်းမတွင် နေ့စဉ်ပျမ်းမျှဝင်ငွေ (၃၀၀၀)ကျပ်ဖြင့် တစ်နှစ်ပတ်လုံး သွားရောက်လုပ်ကိုင်နိုင်ကြပါသည်။ ထွန်စက်မောင်း၊ စက်ပြင်ကျွမ်းကျင်မှုများရှိပါက ဝင်ငွေပိုမိုရရှိနိုင်သောကြောင့် အလယ်တန်းပညာအောင်မြင်ပြီး လူငယ်များအား စက်မောင်း၊ စက်ပြင်သင်တန်းများပေးနိုင်ပါက လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ဝင်ငွေပိုမိုရရှိလာမည်ဖြစ်ပါသည်။ ကျေးရွာအနီးရှိ မက်ကို ကုမ္ပဏီတွင်လည်းနေ့စားအလုပ်ကြမ်း ဝင်ရောက်လုပ်ကိုင်ကြသည်။

**(၃.၃.၄) ကုန်စည်ဈေးကွက်နှင့်ဝန်ဆောင်မှု**

လမ်းပန်းဆက်သွယ်ရေးနှင့်သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုကြောင့် ကျေးရွာသားများ အနေဖြင့် ၎င်းတို့၏ကုန်စည်ဝန်ဆောင်မှုနှင့်လုပ်သားများအတွက် အလွယ်တကူ လက်လှမ်းမီ နိုင်ပါသည်။

အောက်ပါဇယားတွင် ဈေးကွက်လက်လှမ်းမီမှုကိုဖော်ပြထားပါသည်-

**ဇယား(၇) ဈေးကွက်လက်လှမ်းမီမှုအခြေအနေ**

| စဉ် | ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေးကွက် | လက်ကားဈေးကွက် |
|---|---|---|---|
| ၁ | ကျေးရွာမှအကွာအဝေး (ကီလိုမီတာ) | လမ်းပျဉ်းမနားမြို့နယ် သို့(၁.၅)မိုင် | ပျဉ်းမနားဈေးသို့(၄)မိုင် |
| ၂ | သယ်ယူပို့ဆောင်ရေးလမ်း ကြောင်း | ကား၊မော်တော်ဆိုင်ကယ် | ကား၊ မော်တော်ဆိုင်ကယ် |



CamScanner

| စဉ် | ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေးကွက် | လက်ကားဈေးကွက် |
|---|---|---|---|
| ၃ | ရရှိနိုင်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ | အမယ်မျိုးစုံ(အစားအစာ ၊ အဝတ်အစား၊ ဆောက်လုပ်ရေးပစ္စည်း၊ သယ်ယူပို့ဆောင် ရေးပစ္စည်း၊ သယ်ယူပို့ဆောင်ရေး ယာဉ်၊ စသည် ဖြင့်) | အနီးဆုံးဈေးကွက်နှင့် အတူတူပင် |
| ၄ | ဈေးအဆောက်အဦနှင့် ဝန်ဆောင်မှု | ၅ ရက်တစ်ဈေး၊ ပုံမှန်ဈေးဆိုင်များရှိ၊ အလွန်ကောင်း | အလွန်ကြီး၊ အလွန်ကောင်း |

## ၃.၃.၅။ ငွေကြေးကဏ္ဍနှင့်ဘဏ်လုပ်ငန်း

ချေးငွေရရှိမှုနှင့် ဘဏ်ဝန်ဆောင်မှုကဏ္ဍများသည် ယေဘုယျအားဖြင့် ကျေးရွာသားများ၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အရေးကြီးပါသည်။ လက်ရှိတွင် တောင်သူများအနေဖြင့် အစိုးရ၏စီမံပံ့ပိုးမှုအောက်တွင်ရှိသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ပုံမှန်ချေးငွေများကိုရရှိပါသည်။ အသေးစားချေးငွေများကို ဒေသတွင်းNGOတစ်ခုဖြစ်သော သူရိယချေးငွေစီမံချက်မှချေးယူရရှိပါသည်။ ငွေတိုးချေးစားသူများ၊ အပေါင်ဆိုင်များအနေဖြင့် အတိုးနှုန်းမတန်တဆဖြင့် အချိန်တိုချေးငွေများကို ချေးယူနိုင်သောအဓိကနေရာများ ဖြစ်နေလေ့ရှိပါသည်။ ကျေးရွာသားများအတွက်ငွေကြေးဝန်ဆောင်မှုရရှိနိုင်သော နေရာများမှာအောက်ပါအတိုင်း ဖြစ်ပါသည်-

**ဇယား(၈) ငွေကြေးဝန်ဆောင်မှုရရှိနိုင်သော အဖွဲ့အစည်းများ**

| စဉ် | ချေးငွေ/ အကြွေး ရနိုင်သော နေရာ | ငွေကြေး အထောက်အပံ့ | ပြန်လည်ပေးဆပ်မည့် ကာလ | အတိုးနှုန်း | အပေါင်ခံပစ္စည်း | လက်လှမ်းမီမှု အနေအထား |
|---|---|---|---|---|---|---|
| ၁ | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | ချေးငွေ | ၆လ | တစ်နှစ် ၆% | မလို | ပုံသေစည်းမျဉ်း |
| ၂ | ပုဂ္ဂလိကဘဏ် | ချေးငွေ/ အကြွေးစနစ်/ စုငွေ/ အာမခံလုပ်ငန်း | အလျော့အတင်း လုပ်နိုင် | တစ်နှစ် ၈.၅% | လို | အပေါင်ခံပစ္စည်းလို |



CamScanner

| စဉ် | ချေးငွေ/အကြွေး ရနိုင်သော နေရာ | ငွေကြေး အထောက် အပံ့ | ပြန်လည် ပေးဆပ် မည့် ကာလ | အတိုး နှုန်း | အပေါင်ခံ ပစ္စည်း | လက်လှမ်းမီမှု အနေအထား |
|---|---|---|---|---|---|---|
| ၃ | ပုဂ္ဂလိကအသေးစားငွေကြေး ဝန်ဆောင်မှု လုပ်ငန်း | ချေးငွေ | တိကျသော ကာလ | တစ်နှစ် ၃၀% | မလို | ပုံသေစည်းမျဉ်း |
| ၄ | သူရိယ | ချေးငွေ | တိကျသော ကာလ | တစ်နှစ် ၃၀% | မလို | ပုံသေစည်းမျဉ်း |
| ၅ | ရွှေဆိုင် | ချေးငွေ | တိကျသော ကာလ | တစ်နှစ် ၃၆% | လိုအပ် | ပုံသေစည်းမျဉ်း |
| ၆ | ငွေထုတ်ချေးသူ | ချေးငွေ | တိကျသော ကာလ (လ) | တစ်နှစ် ၁၂၀% | မလိုအပ် | ပုံသေစည်းမျဉ်း |
| ၇ | ငွေထုတ်ချေးသူ | ချေးငွေ | နေ့ပြန်တိုး | တစ်နှစ် ၂၄၀% | မလိုအပ် | ပုံသေစည်းမျဉ်း |
| ၈ | အမိန့်ရအပေါင်ဆိုင် | ချေးငွေ | တိကျသော ကာလ | တစ်နှစ် ၃၀% | လိုအပ် | ပုံသေစည်းမျဉ်း |
| ၉ | မိတ်ဆွေနှင့်ဆွေမျိုးများ | ချေးငွေ | တိကျသော ကာလ | တစ်နှစ် (၁၂၀) % | မလို | အချိန်တိုင်း မရနိုင် |

မှတ်ချက်။ ငွေကြေးစီးဆင်းမှုတွင် ချေးငွေ၊ အကြွေးစနစ်၊ စုဆောင်းငွေစနစ်၊ အငှားစနစ်၊ အာမခံလုပ်ငန်းတို့ ပါဝင်ပါသည်။ မြန်မာ့စိုက်ပျိုးရေး ဖွံ့ဖြိုးမှုဘဏ်နှင့် ဆွေးနွေးချက်၊ မြို့နယ်အဆင့် သတင်းအချက်အလက်ရနိုင်သူများ



CamScanner

ဘဏ်

ပုဂ္ဂလိကဘဏ်များနှင့်အချိတ်အဆက်ရှိသောတောင်သူများသည် ချေးငွေရရှိနိုင်သကဲ့သို့ လိုအပ်သောအချက်အလက်များပြည့်စုံပါက ပျဉ်းမနားမြို့တွင်ရှိသော MADB ဘဏ်မှချေးငွေ ရရှိနိုင်ပါသည်။ယနေ့အထိMADB ဘဏ်မှတောင်သူ(၅၄)ဦး ချေးငွေများချေးယူ ထားကြ ပါသည်။ တောင်သူတစ်ဦးလျှင် တစ်ဧကကို (၁၀၀၀၀၀)ကျပ်နှုန်းထုတ်ချေးပေး (စပါးစိုက်ပျိုး ရန်) ပါသည်။ အကြီးဆုံးတောင်သူမှာလယ်ဧက(၁၀)ဧကပိုင်ဆိုင်ပါသည်။ ပဲစိုက်ရန်အတွက် ချေးငွေပမာဏမှာလယ်တစ်ဧကလျှင် (၁၀၀၀၀၀)ကျပ်ဖြစ်ပြီး ဧကမည်မျှပင် များပြားစွာ စိုက်ပျိုးနိုင်သော်လည်းချေးငွေမှာ (၁၀၀၀၀၀)ထက်ပိုချေး၍မရပါ ။

MADBဘဏ်၏လိုက်နာရန်အခြေအနေများကို ယခုလက်ရှိထက် ပိုမို၍အလျော့အတင်း ပြုလုပ်ရန်လိုအပ်ပြီး တောင်သူများအား ရာသီသီးနှံများ စိုက်ပျိုးရန် အချိန်မီဖြည့်ဆည်း ပေးမည်ဆိုပါက ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးပြီး ဈေးကောင်းရရှိနိုင်သည် အထိရောင်းဝယ် ဖောက်ကားနိုင်ပါမည်။ ယခုအချိန်တွင် MADBမှတစ်နှစ်အတိုးနှုန်းကို ၆% ထိ လျော့ချ ပေးလိုက်သော်လည်း စိုက်စရိတ်ချေးငွေစည်းမျဉ်းများအရ တောင်သူများအနေဖြင့် သီးနှံ ရိတ်သိမ်းပြီး အချိန်အနည်းငယ်အထိ သိုလှောင်ရောင်းချနိုင်စေရန် ချေးငွေကာလကို ပိုမိုအလျော့ အတင်းပြုလုပ်ရန် လိုအပ်ပါသည်။ ပျဉ်းမနားမြို့တွင် မြန်မာ့စီးပွားရေးဘဏ်ရှိသော်လည်း ကျေးရွာသားများရင်းနှီးကျွမ်းဝင်မှုမရှိကြပါ။

**ကျေးရွာသမဝါယမအသင်း**

ရွာသားများအတွက်အခြားသော ချေးငွေရရှိနိုင်သောနေရာမှာဒေသခံ သူရိယအဖွဲ့ ဖြစ်ပြီး တစ်ဖွဲ့လျှင်အဖွဲ့ဝင်(၅)ဦးစီပါဝင်၍ထုတ်ချေးငွေကိုအပြန်အလှန်အာမခံနိုင်သည့် အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားပါသည်။ ယခုအခါအိမ်ထောင်စု(၄၅)မှ အဖွဲ့ဝင်(၅၀)ဦးရှိပါသည်။

လယ်ယာလုပ်ငန်းများလုပ်ကိုင်နိုင်ရန်အတွက် လူတစ်ဦးလျှင်အများဆုံး (၈၀၀၀၀)ကျပ် အထိထုတ်ချေးနိုင်ပြီး ပြန်လည်ပေးဆပ်ရာတွင် (၂)ပတ်လျှင်တစ်ကြိမ်နှုန်းဖြင့် စုစုပေါင်း (၂၅)ပတ်ပြန်ဆပ်ရပါသည်။

တစ်ကြိမ်ပြန်လည်ပေးဆပ်ရမည့်ပမာဏမှာ(၄၂၀၀)ကျပ် (အရင်း၃၂၀၀ကျပ်+ အတိုး ၅၀၀ ကျပ်+ တစ်ဦးချင်းစုငွေ ၅၀၀ ကျပ်) ဖြစ်ပါသည်။ စုဆောင်းငွေကို အကြွေးအားလုံး အကြေဆပ်ပြီးချိန်တွင် ပြန်လည်ထုတ်ပေးပါသည်။ ထို့နောက်စပါးစိုက်ဧက တစ်ဧကလျှင် (၈၀၀၀၀)ကျပ်နှုန်းဖြင့် (၃)ဧကစာအတွက် ငွေချေးနိုင်ပါသည်။ ချေးငွေနှင့်ပတ်သက်၍ တာဝန်

ရှိသည့်ဝန်ထမ်းမှ ချေးငွေလည်ပတ်ခြင်း၊ အဆိုပြုလွှာတင်ခြင်း၊ ကြီးကြပ်ခြင်း၊ အသုံးပြုခြင်းနှင့် ငွေချေးသူများ၏ လုပ်ငန်းတိုးတက်မှုအခြေအနေများကို စီမံခန့်ခွဲပါသည်။

အဖွဲ့ဝင်များအနေဖြင့် စိုက်ပျိုးရေးစရိတ်ချေးငွေမကြေသေးသော်လည်း ကျန်းမာရေး စရိတ်အတွက်ငွေ (၅၀၀၀၀)ကျပ်အထိချေးယူနိုင်ပြီး ၎င်းချေးငွေကာလမှာ(၆)လ ဖြစ်၍ (၂)ပတ် လျှင်တစ်ကြိမ်အရစ်ကျ ပြန်လည်ပေးဆပ်ရပါသည်။

**(၃.၄) ပညာရေးနှင့်ကျန်းမာရေးဝန်ဆောင်မှု**

**(၃.၄.၁) ပညာရေးနှင့်စာတတ်မြောက်မှု**

**စာတတ်မြောက်မှု**

စာတတ်မြောက်မှုဆိုလျှင် လူတိုင်းနီးပါးရေးတတ်၊ ဖတ်တတ်ကြပါသည်။ အခြေခံ အတွက်အချက်ကိုတတ်မြောက်ကြပါသည်။ စာမဖတ်တတ်သူမှာ အသက် (၈၀)ကျော် အဘိုး၊ အဘွား(၁၀)ဦးသာလျှင်ရှိပါသည်။ ရွာတွင်ဘွဲ့ရသူ (၁၆)ရှိပြီး အမျိုးသား (၅)ဦးနှင့် အမျိုးသမီး (၇)ဦး၊ စုစုပေါင်း(၁၂)ဦးတို့သည် တက္ကသိုလ်တက်ရောက်လျက်ရှိပါသည်။

**လမ်းပြကြယ် ပညာရေးဖောင်ဒေးရှင်း**

ပညာရေးဝန်ဆောင်မှုနှင့်ပတ်သက်၍ ကျွန်တော်တို့ကျေးရွာတွင် လမ်းပြကြယ်ပညာရေး ဖောင်ဒေးရှင်းကို ထူထောင်ထားပါသည်။ ယခင်က ကျွန်တော်တို့ကျေးရွာတွင် ဘွဲ့ရပညာတတ် ဟူ၍မရှိခဲ့ပါ။ နောင်လာနောင်သားများသည် မိမိတို့ကဲ့သို့ ပညာမဲ့များမဖြစ်စေရန် ရည်သန်ခဲ့ကြ ပါသည်။ ရည်သန်ခဲ့ကြသော်လည်းမည်ကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ကို မသိရှိခဲ့ပါ။ မဂ္ဂဇင်းတစ်စောင်ကို ဖတ်ရှုမိရာ ယင်းမဂ္ဂဇင်းတွင် စကာပူနိုင်ငံအကြောင်း ဖတ်ရှုပြီး သားသမီး၊ နောင်လာနောင်သားများကို ပညာတတ်များဖြစ်ရမည်ဟု ကျေးရွာရှိဆရာတော် ဦးပဥ္စင်းလေးဦးနန္ဒိသေယ၊ ဆရာတော်(၃)ပါးနှင့် နာယက(၂)ယောက်တို့မှ ဦးဆောင်၍ ၂၀၁၁ခုနှစ် ဖွန်လ(၆)ရက်နေ့တွင် လမ်းပြကြယ်ပညာရေး ဖောင်ဒေးရှင်းကိုငွေကျပ် ၁၂၀၀၀၀ ဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ စတင်ဖွဲ့စည်းသည့်နှစ်တွင် ကျောင်းသူကျောင်းသား(၇)ဦးကို ပညာသင်စရိတ်၅၀၀၀ကျပ် ကူညီပံ့ပိုးပေးခဲ့ပါသည်။ ယခုဘွဲ့ရပညာတတ် (၁၉)ဦးနှင့် ဖွဲ့စည်း ထားပြီး တစ်လလစဉ်ကြေး ၅၀၀ကျပ်ကောက်ခံသည်။ ရွာတွင်း၊ ရွာပြင် လှူဒါန်းသူ (၁၆၂)ဦး ရှိပြီး အဖွဲ့ဝင်(၁၅၀)ဦး၊ ရန်ပုံငွေ(၃၅)သိန်းကျော်ရှိပါသည်။ (၄)လတစ်ကြိမ် စာရင်းရှင်းတမ်း ပြုလုပ်သည်။သူငယ်တန်းမှဒသမတန်းအထိ ပညာသင်စရိတ် ထောက်ပံ့ပေးပြီး နှစ်စဉ် စက်တင်ဘာလတွင် အခြေခံပညာတန်းအောင်မြင်သူများကို ဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပပေး ပါသည်။



CS CamScanner

**မူလတန်း၊ အလယ်တန်း နှင့် အထက်တန်းကျောင်း ပညာရေး အခြေအနေ**

ယခင်က ကျွန်တော်တို့ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းတစ်ကျောင်း တည်ရှိခဲ့ပါသည်။ ကျွန်တော်တို့ မယ်ဇလီကုန်းကျေးရွာသည် အလျင်လိုရွာနှင့် ကျေးရွာအုပ်စု တစ်ခုတည်းတွင်တည်ရှိပြီး ယခုအခါ အလျင်လိုကျေးရွာသည် နေပြည်တော်ကောင်စီ နယ်မြေတွင် ပါဝင်သွားရာစာသင်ကျောင်းနှင့်အားကစားကွင်းများသည် အလျင်လိုကျေးရွာတွင် ပါဝင်သွားသောကြောင့် ရွာတွင် မူလတန်းကျောင်းနှင့် ကစားကွင်းမရှိတော့ပါ။ မူလတန်းကျောင်းနေအရွယ်ကလေး(၅၄)ဦးရှိပြီး၊ ကျောင်းသား(၃၁)ဦး နှင့် ကျောင်းသူ(၂၃)ဦးတို့သည် ကျေးရွာမှ (၁)မိုင်ခန့်ဝေးသော အမက(၃၄)အလျင်လိုကျေးရွာမူလတန်းကျောင်းတွင် တက်ရောက်ပညာသင်ကြားကြရပါသည်။ ကျောင်းသို့သွားရာတွင် ရန်ကုန်–မန္တလေးအဝေးပြေးကားလမ်းဟောင်းကို ဖြတ်၍သွားရသဖြင့် မိဘအုပ်ထိန်းသူများသည် ကျောင်းသို့ရောက်သည်ထိပို့ရသည့်အပြင် မူလတန်းကျောင်းသားတစ်ဦးမှာ ကားလမ်းဖြတ်ကူးစဉ် ကားတိုက်မိ၍ သေဆုံးသွားခဲ့ပါသည်။ သို့ပါသောကြောင့် ကျွန်တော်တို့ ကျေးရွာသူ၊ရွာသားများသည် ကျေးရွာတွင် မူလတန်းကျောင်းတစ်ကျောင်းရရှိရေး၊ ကျောင်းမြေနေရာရရှိရေးနှင့် ကျောင်းဆောက်လုပ်ရေးအတွက် ကြိုးပမ်းလျှက်ရှိကြပါသည်။ ကျောင်းမြေနေရာရရှိရေးအတွက် ကျေးရွာတွင် မြေပိုမြေလွတ်မရှိခြင်း၊ ရွာပတ်ဝန်းကျင်တွင် လယ်ယာမြေများသာရှိနေခြင်းတို့ကြောင့် ရွာရှိ ဘိုးဘွားပိုင်မြေနေရာကို ဝယ်ယူရန် ဖြစ်ပါသည်။ မြေနေရာဝယ်ယူရန်အတွက် လမ်းပြကြယ်ဖောင်ဒေးရှင်းမှ အလှူငွေ (၁၀)သိန်းကျပ်ကို ကူညီပံ့ပိုးပေးမည် ဖြစ်ပါသည်။

ကျေးရွာတွင် အလယ်တန်းအဆင့်ကျောင်းသား (၂၅)ဦးနှင့်ကျောင်းသူ(၂၁)ဦး တို့သည် အ.လ.က၊လမ်းပျဉ်းမနားသို့လည်းကောင်း၊ အထက်တန်းအဆင့် ကျောင်းသား(၅)ဦးနှင့် ကျောင်းသူ(၁၀)ဦး တို့သည်အမှတ်(၂)၊ အခြေခံပညာအထက်တန်းကျောင်း၊ ပျဉ်းမနားမြို့သို့လည်းကောင်း သွားရောက်ပညာသင်ကြား၍ ပိုမိုကောင်းမွန်သောပညာရေးကို လိုက်မီရန် ကြိုးစားနေကြပါသည်။

**(၃.၅) ကျန်းမာရေးနှင့် အာဟာရ**

**အဖြစ်များသောရောဂါများ**

အမျိုးသားများ အရက်သောက်ခြင်းကြောင့် အသဲရောဂါအဖြစ်များကြပြီး အဆုတ်ရောဂါလူမမာ (၂)ဦးမှအပကြီးကြီးမားမား ကျန်းမာရေးပြဿနာမရှိကြပါ။ အဆုတ်ရောဂါဝေဒနာခံစားရသူများသည် ဆေးကုသမှုကို စနစ်တကျခံယူကြပြီး တချို့မှာ အသဲရောဂါကြောင့် သေဆုံးကြရပါသည်။



CS CamScanner

**ကျန်းမာရေးအထောက်အပံ့များ**

ကျွန်ုပ်တို့၏ တစ်ရွာလုံးသည် ကျေးရွာမှ ၁.၅မိုင် အကွာအဝေးရှိ လမ်းပျဉ်းမနားရှိ ကျန်းမာရေးဆေးခန်းတွင် သွားရောက်ပြသလျှင် (၃၀၀၀) ကျပ်ကုန်ကျနိုင်သကဲ့သို့ လိုအပ်ပါက ရွာသို့ ပင့်ဖိတ်၍ ဆေးကုသမှုခံယူပါ က ၅၀၀၀ ကျပ်နိုင်ပါသည်။ရွာရှိ အရန်သားဖွားဆရာမ ထံတွင် ပြသနိုင်သလို ရွာမှ (၄)မိုင်အကွာအဝေးရှိ ပျဉ်းမနား၊ ခုတင် ၂၀၀ဆေးရုံတွင် လည်းကောင်း၊ အထူးကုဆေးခန်းများတွင်လည်းကောင်း ဆေးကုသမှု ခံယူနိုင်ပါသည်။ အထူးကုဆေးခန်းတွင်စမ်းသပ်ခနှင့် ရောဂါစစ်ဆေးခပေါ်မူတည်၍(၃၀၀၀၀) မှ (၅၀၀၀၀)ကျပ်၊ ပျဉ်းမနားကုတင် ၂၀၀ ပြည်သူဆေးရုံတွင် သွေးစစ်ခ အနည်းဆုံး (၂၀၀၀၀)ကျပ် ကျပါသည်။

ထို့ပြင် ကျေးရွာသားများသည် နေပြည်တော်ရှိ ကုတင်(၁၀၀၀)ဆေးရုံတွင်လည်း ဆေးကုသမှုခံယူနိုင်ပါသည်။ နီးစပ်ရာ ကျေးလက်ကျန်းမာရေးဌာနတွင် ဆရာဝန်၊ သူနာပြု၊ သားဖွားနှင့် ကျန်းမာရေးလုပ်သားဟူ၍ ရှိသော်လည်း ကျေးရွာသားများအတွက် မပြည့်စုံနိုင်ပါ။ ဆေးဆိုင်များတွင် ဆေးမျိုးစုံ လုံလောက်စွာရှိပြီး အအေးခန်းစနစ်ကိုအသုံးပြုပြီး ဆေးများကို သိုလှောင်ထားပါသည်။

**ရေနှင့်သန့်ရှင်းရေး**

တစ်ရွာလုံးအတွက် သောက်သုံးရေလုံလောက်မှုရှိပါသည်။ သောက်ရေ၊ သုံးရေး၊ချိုးရေ အတွက် ရေတုံကင်တွင်း (၄၆) တွင်းရှိပြီး (၁၂)ရာသီလုံး လုံလောက်စွာရရှိနိုင်ပါသည်။ ကျေးရွာ တွင် ယင်လုံအိမ်သာအများဆုံး အသုံးပြုပြီး (၁၀)အိမ်သည် အိမ်ခြံဝန်းကျဉ်းသောကြောင့် အိမ်သာဆောက်လုပ်ရန် အခက်အခဲဖြစ်ပေါ်နေပါသည်။

**(၃.၆) သဘာဝပတ်ဝန်းကျင်၊**
**သဘာဝဘေးအန္တရာယ်လျော့ချရေးအပါအဝင်သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှု**

သဘာဝပတ်ဝန်းကျင်၊ သဘာဝအရင်းအမြစ်များနှင့်ပါတ်သက်၍ အောက်ဖော်ပြပါ အကြောင်းအရာ (၂)မျိုးကို ကျေးရွာအတွင်းတွေ့ကြုံနေရပါသည်-

(၁) မြေဆီလွှာဆုတ်ယုတ်လာခြင်း– နွားချေးဆွေး၊ သစ်ဆွေးမြေသြဇာ၊ အသုံးမပြုဘဲ ဓါတ်မြေသြဇာကိုအားထားအသုံးပြုခြင်း၊ ပေါင်းသတ်ဆေးများသုံးစွဲသည့်အတွက် မြေကြီးအရည်သွေးကျဆင်းခြင်းတို့ဖြစ်ပေါ်သည်။

(၂) ဓါတုပိုးသတ်ဆေးများအသုံးပြုခြင်း– ဓါတုဆေးများ အသုံးပြုခြင်းသည် မြေဆီလွှာ အတွင်းရှိ သက်ရှိများကို သေစေသည့်အပြင် မြေဆီလွှာများကိုပါ ပျက်ဆီးစေပါသည်။



CamScanner

ကျွန်ုပ်တို့ကျေးရွာသားများသည် မြို့နယ်အဆင့်သက်ဆိုင်ရာဌာနများနှင့် လက်တွဲကာ သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအစီအမံများကို သင်ယူရန်လိုပါသည်။

| စဉ် | ပြဿနာ | အန္တရာယ်အဆင့် သတ်မှတ်ချက် | ဖြေရှင်းချက်/ရှင်းလင်းချက် |
|---|---|---|---|
| | **သဘာဝသယံဇာတများစီမံခန့်ခွဲခြင်း** | | |
| ၁ | မြေဆီသြဇာ | မြင့်မား | သီးထပ်စိုက်ပျိုးခြင်း၊ သဘာဝမြေသြဇာ အသုံးမပြုခြင်းနှင့် ဓာတုမြေသြဇာ အသုံးပြု ခြင်း၊ ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေး အသုံးပြုခြင်း |
| ၂ | သီးနှံဖျက်ပိုးနှင့်ရောဂါ နှိမ်နင်းသော အလေ့အကျင့်များ | မြင့်မား | ဘက်စုံသီးနှံဖျက်ပိုးကာကွယ်နှိမ်နင်းခြင်းထက် ဓာတုဆေးများအပေါ် မှီခိုလွန်းခြင်း |
| | **ရာသီဉတုပြောင်းလဲခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ** | | |
| ၃ | မိုးခေါင်ခြင်း | အသင့်အတင့် | တစ်ချို့နှစ်များတွင်မိုးခေါင်ခြင်း ဖြစ်ပေါ်ခြင်း |
| ၄ | အအေးလွန်ကဲခြင်း | နိမ့်ပါး | - |
| ၅ | စွန့်ပစ်အညစ်အကြေးများအားစနစ်တကျမစွန့်ပစ်ခြင်း | မြင့်မား | ပလက်စတစ်အိတ်များ၊ ပုံးခွံများ စည်းကမ်း မဲ့အသုံးပြုစွန့်ပစ်ခြင်း |

ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍမှာအောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | လမ်းအမျိုးအစား | အမျိုးအစား | အခြေအနေ | အသုံးပြုနိုင်မှု | ယာဉ်အမျိုးအစား |
|---|---|---|---|---|---|
| ၁ | ရွာမှမြို့သွားလမ်း | ကတ္တရာလမ်း | ကောင်းမွန် | တစ်နှစ်ပတ်လုံး | ယာဉ်အားလုံးသွားနိုင် |
| ၂ | ရွာပတ်လမ်း | မြေလမ်း | ညံ့ | မိုးတွင်း | နွားလှည်း၊လက်တွန်းထွန်စက်၊ဆိုင်ကယ် |

ရည်ညွှန်း- ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက်အလက်များ (၄-၆၊ ဧပြီလ၊ ၂၀၁၅)

| စဉ် | အမျိုးအစား | အရွယ်အစား(အလျား×အနံ×အမြင့်) | အရေအတွက် | အခြေအနေ | အသုံးဝင်မှု |
|---|---|---|---|---|---|
| ၁ | တံတား | ၁၀ ပေ× ၁၂ပေ (သစ်သား) | ၁ | ပျက်ဆီး | |
| | | ၃၀ ပေ x ၅ ပေ | ၁ | လိုအပ် | ကုန်ထုတ်လမ်း |
| | | ၃၀ ပေ×၅ ပေ (ကွန်ကရစ်) | ၁ | ကောင်းမွန် | တစ်နှစ်ပတ်လုံး အသုံးဝင် |
| ၂ | ရေနုတ်မြောင်း | ၂ ပေ× ၁၈ ပေ (ကွန်ကရစ်) | ၄ | မကောင်း | တစ်နှစ်ပတ်လုံး အသုံးဝင် |

ပျဉ်းမနားမြို့သို့သွားသော ကားလမ်းမှာ တစ်နှစ်ပတ်လုံးသွားလာနိုင်ပြီး အများအားဖြင့် မော်တော်ဆိုင်ကယ်နှင့် သွားလာကြပါသည်။ ကျေးရွာတွင်းရှိ အိမ်ထောင်စု၅၀%သည် မော်တော်ဆိုင်ကယ်ကိုယ်စီရှိပြီးမြို့နှင့်(၄)မိုင်သာ ကွာဝေးသောကြောင့် လမ်းပန်းဆက်သွယ်ရေးနှင့် ပတ်သက်၍ ပြဿနာမရှိပါ။

**(၃.၈) လျှပ်စစ်မီးရရှိမှု**

၂၀၁၃ မှစတင်၍ကျေးရွာသားများကိုယ်တိုင်ကိုယ်ထူကိုယ်ထစနစ်ဖြင့် ငွေကျပ်သန်းပေါင်း (၂၄.၅)သန်းအကုန်အကျခံကာနိုင်ငံတော်အစိုးရ လျှပ်စစ်မီးကိုသွယ်တန်းခဲ့ပါသည်။ ကျေးရွာမှကောက်ခံငွေမှာ(၁၄.၅)သန်းဖြစ်ပြီး ကျန်ရှိသော ကျပ်သန်း(၁၀)ကိုအတိုးမဲ့ဖြင့် အနီးရှိ မက်ကိုကုမ္ပဏီမှ ချေးယူခဲ့ပါသည်။ ၄.၃သန်းကို ပြန်လည်ပေးဆပ်ခဲ့ပါသည်။ ကျန်ငွေအနေဖြင့် (၅.၇) သန်းကျပ်ဆပ်ရန်ကျန်ရှိနေပါသည်။

ကျေးရွာမီးလင်းရေးအစီအစဉ်ကို အဖွဲ့ဝင်(၂၀)ဦးပါသော ကိုယ်ထူကိုယ်ထ ကျေးရွာမီးလင်းရေးကော်မတီမှစတင်ဦးဆောင်၍ ဆောင်ရွက်ခဲ့ပါသည်။ ကော်မတီသည် အိမ်ထောင်စုတစ်စုလျှင်အနည်းဆုံးကျပ် (၁၀၀၀၀၀) မှ အများဆုံးကျပ်(၁၅၀၀၀၀)အထိ ဆင်းရဲချမ်းသာအဆင့်အလိုက်ကောက်ခံခဲ့ပါသည်။ ယခုအချိန်တွင် (၅၀)အိမ်သာလျှင် လျှပ်စစ်မီးရရှိပြီး အခြားအိမ်များမှာ သတ်မှတ်ထားသောထည့်ဝင်ငွေ(မီတာဖိုး+ ဝါယာကြိုးဖိုး+ သွယ်ယူခများအပါအဝင်)မထည့်ဝင်နိုင်ကြပါ။ လစဉ်လျှပ်စစ်သုံးစွဲသူများအနေဖြင့် လျှပ်စစ်သုံးစွဲခမှာ အစိုးရမှ သတ်မှတ်ထားသော နှုန်းထားအတိုင်း ကျေးရွာမှခန့်အပ်ထားသော မီးလုပ်သားမှ လစဉ်ကောက်ခံပြီး မြို့နယ်ရုံးသို့ ပြန်လည်ပေးသွင်းပါသည်။

ကျေးရွာလူထုသည်လမ်းမီးများလင်းစေရန်အတွက် မီတာခကိုအချိုးကျကျခံကြကြပါသည်။

## (၃.၉) တယ်လီဖုန်း၊ ကြေးနန်းနှင့် သတင်းအချက်အလက်ရရှိမှု

ကျေးရွာလူထုသည် တယ်လီဖုန်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ ဂျာနယ်နှင့် လက်ကိုင်ဖုန်းနှင့်ချိတ်ဆက်သော အင်တာနက်စနစ်များကို ကောင်းမွန်စွာအသုံးပြုနိုင်ကြပါသည်။

## (၃.၁၀) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ကျွန်ုပ်တို့ကျေးရွာသည် ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးနှင့်ဆိုင်သော အောက်ဖော်ပြပါကိစ္စရပ်များကို ဆောင်ရွက်ကြပါသည်-

| စဉ် | ယဉ်ကျေးမှု၊ လူငယ်နှင့်အားကစား ဝန်ဆောင်မှု | အထောက်အပံ့၊ ဝန်ဆောင်မှုများ၊ လုပ်ငန်းများ |
|---|---|---|
| ၁ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ တွင်ပါဝင်ဆောင်ရွက်ခြင်း | ကျေးရွာတစ်ရွာလုံးနှင့်ဆိုင်သောလုပ်ငန်းများ (ဥပမာ- ဘုန်းတော်ကြီး ကျောင်းဝန်းသန့်ရှင်းရေး) |
| ၂ | လူမှုရေးလုပ်ငန်းများ | လူမှုရေးကဏ္ဍအတွက် အမာခံအင်အားအဖြစ်တက်ကြွစွာဆောင်ရွက်ခြင်း |
| ၃ | ဘာသာရေးလုပ်ငန်းများ | ဘာသာရေးကဏ္ဍအတွက်အမာခံအင်အားအဖြစ် တက်ကြွ စွာဆောင်ရွက်ခြင်း |
| ၄ | အားကစား | ခြင်းခတ် |

ကျွန်ုပ်တို့ကျေးရွာတွင် ကွန်ပျူတာ၊ ပရိဘောဂပစ္စည်း၊ လိုအပ်သောကိရိယာ တန်ဆာပလာများနှင့် ပြည့်စုံသောလေ့လာသင်ယူရေးနေရာတစ်ခုနှင့် စာကြည့်တိုက်တို့လိုအပ်ပါသည်။

ကျေးရွာလူထုသည်ဘာသာရေး လုပ်ငန်းများတွင်တက်ကြွစွာပါဝင်ကြပြီး မိန်းမပျိုများအနေဖြင့် ဈေးဝယ်ခြင်း၊ ချက်ပြုတ်ခြင်း၊ ဧည့်သည်များအားဧည့်ခံပေးခြင်း ကဲ့သို့သောတာဝန်များကိုဆောင်ရွက်ပါသည်။အမျိုးသားများအနေဖြင့်ချက်ပြုတ်ခြင်း၊မဏ္ဍာပ်ဆောက်ခြင်း၊ ဧည့်ခံကျွေးမွေးခြင်း၊ ရှင်ပြုပွဲများတွင်မောင်ရင်လောင်းများအား မြင်းပေါ်တွင်စီးနင်းရာ၌ မြင်းထိန်းအဖြစ်ဆောင်ရွက်ခြင်းများတွင် တာဝန်ယူကြပါသည်။

## (၃.၁၁) လုံခြုံရေးနှင့်ပြည်သူဘေးကင်းလုံခြုံရေး

ကျေးရွာတွင်ရာဇဝတ်မှု ကြီးကြီးမားမားမရှိပါ။ ပြည်သူလူထုဘေးကင်းလုံခြုံပါသည်။ ပျဉ်းမနားအမှတ်(မြို့မ)ရဲစခန်းသည်ကျေးရွာနှင့်(၄)မိုင်သာကွာဝေးပါသည်။



CS CamScanner

ကျွန်ုပ်တို့သည်သဘာဝဘေးအန္တရာယ်ကြိုတင်စီမံခန့်ခွဲရေးစနစ်အချို့ကို ချမှတ်ထားပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့ပတ်ဝန်းကျင်နှင့် ပြည်သူလူထုကို ထိခိုက်စေနိုင်သောသဘာဝ ဘေး အန္တရာယ်နှင့်ပတ်သက်၍ သင်တန်းများရယူရန် လိုအပ်ပါသည်။ ကျေးရွာတွင်အရံမီးသတ် တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့တို့ရှိပါသည်။ မီးချိတ်၊ မီးကပ်များ ချိတ်ခြင်း၊မီးကျင်းအတွင်း၌သာ ချက်ပြုတ်စေခြင်း၊ နွေရာသီကာလအတွင်း နေ့စဉ်အသံချဲ့စက်ဖြင့် မီးဘေးကာကွယ်ရေး နှိုးဆော်ခြင်း၊ လိုက်လံစစ်ဆေးခြင်းတို့ကို လုပ်ဆောင်ကြပါသည်။

**(၄) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသောအခြေအနေများ၊ အဟန့်အတားများ နှင့် ကျော်လွှားရမည့် အဟန့်အတားများ**

ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရန်အတွက် အဓိကအချက်များမှာ ကျင့်သုံးသည့် မဟာဗျူဟာနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်ထည်ဖော်မည့် အစီအမံတို့ပင်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ဒေသတွင်း တွေ့ကြုံရသောအခက်အခဲများ၊ ၎င်းအခက်အခဲများကို ဖြစ်စေသော အကြောင်းတရားများ၊ ဖွံ့ဖြိုးရေးကို အထောက်အပံ့ပေးသအချက်များ၊ အဟန့်အတား ဖြစ်စေသောအချက်များ၊ ကျော်လွှားရမည့်အခက်အခဲများ၊ ဖြစ်နိုင်ဖွယ်ရာ ဖြေရှင်းနည်းလမ်း စသည်တို့ကို အပြန်ပြန်အလှန်လှန် ဆန်းစစ်ဝေဘန်ပြီး ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကို ကွင်းဆက်သဘောတရား (development chain)ဖြင့် ရေးဆွဲထားပါသည်။ (လုပ်ကိုင်ရ မည့် စီမံကိန်းများနှင့်လုပ်ငန်းများကို ကြောင်းကျိုးဆက်စပ် တည်ဆောက်ထားသော ဖွံ့ဖြိုးရေး ကွင်းဆက် သဘောတရားများကို ဇယား (၂)တွင် ဖော်ပြထားပါသည်။)

ပြဿနာအခက်အခဲများနှင့် ၎င်းတို့ကိုဖြစ်စေသော အခြေခံအကြောင်းတရားများကို အခန်း(၃)တွင် ဆန်းစစ်ခဲ့ပြီး ဖြစ်ပါသည်။ ယခုအခန်းတွင် ဖွံ့ဖြိုးရေးကို အထောက်အပံ့ ဖြစ်စေ သော အကြောင်းအရာများကို အဓိကထားဖော်ပြမည်ဖြစ်ပါသည်။ ထိုအထောက်ပံ့ဖြစ်စေ သော အခြေနေကောင်းများကို ဖမ်းဆုပ်နိုင်ရန် တားဆီးနေသော အဟန့်အတားများ၊ လည်းကောင်း အတားအဆီးများအား ကျော်လွှားမည့် အစီအစဉ် များကိုလည်း ဆက်လက် ဖော်ပြသွားပါမည်။

| စဉ် | ဖွံ့ဖြိုးရေးဆိုင်ရာပံ့ပိုးပေးသော အချက်များ | အဟန့်အတားများ |
|---|---|---|
| ၁ | **ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်**<br>• ကျေးရွာသူရွာသားများသည် စည်းလုံးညီညွတ်မှု ရှိကြသည်။<br>• ရွာသူရွာသားများသည် ရိုးသား ကြသည်။ | • ရွာသူရွာသားများ လုပ်ငန်းသစ်များ ကြိုးစား လုပ်ကိုင်ဆောင်ရွက်ရန် ဆန္ဒမရှိကြပါ။<br>• ကျေးရွာအဆင့်ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစွမ်း ရည်တိုးတက်ရေးဆောင်ရွက်မည့် |



CamScanner

| စဉ် | ဖွံ့ဖြိုးရေးဆိုင်ရာပံ့ပိုးပေးသော အချက်များ | အဟန့်အတားများ |
|---|---|---|
| | | အစီအစဉ်များသို့ လက်လှမ်းမီရန် မလွယ်ကူခြင်း |
| ၂ | • စိုက်ပျိုးရေး(သီးနှံ)<br>• သူ့ရိယမှလည်းလယ်သမားများ အတွက် ချေးငွေရရှိနိုင်ပါသည်။<br>• လယ်ယာကုန်ထုတ်သမဝါယမ မှ ချေးငွေရရှိ နိုင်ပါသည်။<br>• ရေသွင်းရေထုတ်ပြုလုပ်ရန် အတွက် ဆည်မြောင်း၊ တမံစသည် များ အသင့်တည် ရှိနေပါသည်။<br>• ရေဆင်းစိုက်ပျိုးရေးသုတေသန ဌာနနှင့် ၁၆မိုင်သာကွာဝေး ပါသည်။ | • အစိုးရဌာနများ၊ သမဝါယမများမှ ချေးငွေ ယူရန် ဝန်လေးခြင်း။ချေးငွေ ပြန်မဆပ်နိုင်ပါက တစ်စုံတစ် ရာဖြစ်မှာကိုကြောက်ရွံ့ခြင်း<br>• သီးနှံပေါ်ချိန်တွင် ချေးငွေကို ပြန်လည်ပေးဆပ် ရသဖြင့် ဈေးကောင်း မစောင့်နိုင် တော့ပေ။ သို့အတွက်ကြောင့် ချေးငွေစနစ်သည် လယ်သမားများ နှင့် မကိုက်ညီခြင်း<br>• မိုးရေချိန် နည်းပါးသဖြင့် ဆည်တွင် သိုလှောင်ရေ နည်းပါးခြင်း<br>• နွေစပါးစိုက်ချိန်တွင် နေပြည်တော် စံပြ လယ်ကွက်များကို ဦးစားပေး ရေသွင်းခြင်း ကြောင့် ကျေးရွာ၏ လယ်ကွက်များ စိုက်ပျိုးရေမရရှိခြင်း၊<br>• သီးနှံရောဂါပိုးမွှားကာကွယ်ရေးဆိုင်ရာ နည်းပညာဝန်ဆောင်မှုများမရရှိခြင်း၊ |
| ၃ | မွေးမြူရေး<br>• ကျွဲ၊ နွား၊ ဝက်များရောင်းချရန် နေပြည်တော်တွင် ဈေးကွက် ကောင်းမွန်ပါသည်။<br>• မွေးမြူရေးနှင့် ကုသရေးဦးစီး ဌာနမှ နည်းပညာ အကူအညီ ရရှိနိုင်ပါသည်။<br>• ဆန်စပါးမှ ဆန်ကွဲနှင့် ဖွဲနုများ တိရစ္ဆာန်အစာအဖြစ် ဈေးနှုန်း သက်သာစွာဖြင့် ပေါပေါများများ ရရှိနိုင်ပါသည်။ | • မွေးမြူရေးနှင့်ပတ်သက်သော အသိပညာ၊ ဗဟုသုတများမရှိခြင်း၊<br>• ကာကွယ်ဆေးထိုးနှံသည့် အလေ့အကျင့် မရှိခြင်း၊ |



CS CamScanner

| စဉ် | ဖွံ့ဖြိုးရေးဆိုင်ရာပံ့ပိုးပေးသော အချက်များ | အဟန့်အတားများ |
|---|---|---|
| ၄ | **စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အခြားလုပ်ငန်း များ**<br>• နေပြည်တော်ပိုမိုဖွံ့ဖြိုးလာသည် နှင့်အမျှဈေးကွက် အခွင့်အလမ်းများ မြင့်မားလာပါသည်။ ကျွမ်းကျင်လုပ်သား၊ လျှပ်စစ်ပြင်၊ အရောင်းစာရေး၊ ဟိုတယ် ဝန်ထမ်း၊ ဧည့်လမ်းညွှန်) | • ရေရှည်အသက်မွေးဝမ်းကြောင်းအတွက် အသေးစားလုပ်ငန်းများ ထူထောင်ရန်ထက် အလုပ်သမား လုပ်ရခြင်းကို ပိုမို စိတ်ဝင် စားခြင်း<br>• လုပ်ငန်းသစ်တစ်ခုစတင်နိုင်စွမ်းမရှိခြင်း(အသက်မွေးဝမ်းကြောင်းဆိုင်ရာဗဟုသုတနှင့် ကျွမ်းကျင်မှု၊လုပ်ငန်းတည်ထောင်ရန်နှင့် လည်ပတ်ရန်အရင်းအနှီး အတွက် ချေးငွေ ဝန်ဆောင်မှုသို့ လက်လှမ်းမမီခြင်း)<br>• ထုတ်ကုန်များအတွက် သေချာသော ဈေးကွက်စနစ်လိုအပ်ခြင်း |
| ၅ | **ပညာရေး**<br>• မိဘများသည် ပညာရေး၏ အရေးကြီးမှုကို အလေးထားကြသည်။<br>• လမ်းပြကြယ် ပညာရေးဖောင်ဒေးရှင်းသည် ကလေးများ ပညာရေး တိုးတက်စေရန်အတွက်အထောက်အပံ့၊ အကူအညီများ ပံ့ပိုးပေးပါသည်။ | • ကျောင်းဆောက်ရန်အတွက် လက်ရှိတွင် ခွင့်ပြုမိန့် မရှိ၊<br>• ကျောင်းမြေနေရာအတွက် အစိုးရမြေ ကန့်သတ်ချက်ရှိ။ |
| ၆ | **ကျန်းမာရေး**<br>• အမျိုးသားများ အရက်အလွန် အကျွံ သောက်ခြင်း | • အရက်ရောင်းချမှုဆိုင်ရာ တားမြစ်ချက်၊ ဥပဒေ၊ အရေးယူမှုများ မရှိခြင်း၊<br>• ကျန်းမာရေးဗဟုသုတနှင့်အသိအားနည်းခြင်း။ |
| ၇ | **လျှပ်စစ်မီးရရှိမှု**<br>• နိုင်ငံတော် ဓါတ်အားလိုင်း နှင့် ကျေးရွာသည် မဝေးပါ။<br>• အစိုးရမှ မီးကြိုးသွယ်တန်းရန် ခွင့်ပြုပြီး ဖြစ်ပါသည်။ | • အိမ်ထောင်စုများ အများစုမှာဆင်းရဲခြင်း ကြောင့်မီးသွယ်ခများထည့်ဝင်ရန်မတတ်နိုင်ခြင်း၊ |

(၁) နံနံကဲ့သို့သော ဟင်းသီးဟင်းရွက်စိုက်ပျိုးရာတွင် အားသာချက်မှာ သက်တမ်း(၁)လ တွင် ဆွတ်ခူးရိတ်သိမ်းဝင်ငွေရယူနိုင်ခြင်း၊ နွေရာသီတွင် ဈေးကွက် ရှိခြင်း၊ နေရာအကျယ် အဝန်း များများမလိုအပ်ခြင်း၊ နည်းပညာနှင့် ငွေအရင်းအနှီး များများမလိုခြင်း၊

(၂) ကောက်ရိုးမှိုစိုက်ပျိုးခြင်းသည် (၂) ပတ်မှ (၄) ပတ်အတွင်း ဝင်ငွေရနိုင်သည့် ဈေးကွက် ခိုင်မာပြီး အမြတ်အစွန်းများများရသည့် ၁၅–× ၃– အကျယ်အဝန်းမှိုဘောင် တစ်ခု သည် ပထမအသုတ်တွင် ၁၀၀၀၀ ကျပ် ဝင်ငွေရရှိပြီး၊ ဒုတိယအသုတ်တွင် ဝါး၊ တိုင်၊ ပလတ် စတစ်စတို့ကို ပြန်သုံးနိုင်သည်။

(၃) ပန်းစိုက်ပျိုးရေးသည် ဘာသာရေးနှင့်ဆက်စပ်လျက်ရှိပြီး တစ်နှစ်ပတ်လုံး ဈေးကွက် ရှိသည်။ ဘာသာရေးနေ့ရက်ကြီးများတွင် အမြတ်များများရသည်။ နွေရာသီ ကဲ့သို့သော ပုံမှန် ပန်းထွက်ရာသီမဟုတ်ချိန် ထွက်လျင်အမြတ်ပိုရသည်။

(၄) နှစ်ရှည်ခံပင်ဖြစ်သည့် ဆူးပုပ်၊ ကင်ပွန်း စသောအပင်များသည် နေရာ အကျယ် အဝန်း သီးသန့်မလိုဘဲစိုက်ပျိုးနိုင်ပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြေရေးနှင့် သဘာဝ ပတ်ဝန်း ကျင် ထိန်းသိမ်းရေးကိုလဲ ဖြစ်စေသည်။

(၅) ကွမ်းရွက်စိုက်ပျိုးရေးသည် နေရာအကျယ်အဝန်းများစွာမလိုဘဲ အကိုင်းဖြတ်ပြီး မျိုးပွား စိုက်ပျိုးနိုင်သည်။ ကျွန်ုပ်တို့ရွာသည် ကွမ်းရွက်စိုက်ပျိုးရန် ရာသီဥတု အခြေအနေ ပေးပြီး အစက်ချရေသွင်းစိုက်ပျိုးနည်းကိုလည်း အသုံးပြုသင့်သည်။ ပုဂ္ဂလိကအဖွဲ့အစည်းများမှ နည်းပညာနှင့် ဝန်ဆောင်မှုလဲရနိုင်သည်။ ကွမ်းရွက်စိုက်ပျိုးရေးသည် သဘာဝပတ်ဝန်း ကျင်နှင့်ကိုက်ညီပြီး တည်ငြိမ်သော ဝင်ငွေကိုလည်းရနိုင်သည်။

(၆) အသားစားကြက်လုပ်ငန်းသည် နေပြည်တော်နယ်မြေတွင် လူဦးရေတိုးတက်လာသော ကြောင့် ဝယ်လိုအားကောင်းပြီး အကျိုးမြတ်များစွာရသည်။ ငွေရင်းနှီး မြုပ်နှံမှုကာလတို တောင်းပြီး တစ်သုတ်မွေးလျင် (၄၅) ရက် သက်တမ်းဖြစ်သည်။ သို့သော် မြင့်မားသော နည်းပညာနှင့် ငွေအရင်းအနှီးများစွာလိုသည်။ ၎င်းနည်းပညာနှင့် သွင်းအားစုပစ္စည်း ကိရိယာများကို ပုဂ္ဂလိကဝန်ဆောင်မှုအဖွဲ့များမှ လွယ်ကူစွာ ရနိုင်သည်။

(၇) ပျဉ်းမနားမြို့သည် ခရမ်းချဉ်သီးယိုထုတ်လုပ်မှုတွင် ကျော်ကြားသည်။ နေပြည်တော် ကောင်စီနယ်မြေတိုးချဲ့မှုကြောင့် ရောက်ရှိလာသူများသည် ဒေသထွက် သစ်သီးယိုများကို လက်ဆောင်အဖြစ်ဝယ်ယူသောကြောင့် ဈေးကွက်ကျယ်ပြန့် လာသည်။



CS CamScanner

(၅) ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

(၅.၁) ရည်မှန်းချက်ပန်းတိုင်

ကျွန်တော်တို့ ကျေးရွာသူ/ကျေးရွာသားများသည် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှကွင်းဆင်းဆောင်ရွက်သောအဖွဲ့နှင့်တိုင်ပင်ပြီးကျေးရွာဖွံ့ဖြိုးရေးအတွက်နည်းဗျူဟာ များ ရေးဆွဲထားပြီးဖြစ်ပါသည်။ ၎င်းဖွံ့ဖြိုး ရေးနည်းဗျူဟာများတွင် ကျေးရွာသူ/ ကျေးရွာသား များ ဝင်ငွေတိုးတက်ရေး၊ ပညာရေးနှင့် တစ်ဦးချင်း စွမ်းရည်တိုး တက်ရေးကို အလေးထားပြီး ကလေးများနှင့်လူငယ်များအတွက်လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များ ပါဝင်သည်။ ကျေးလက်ဖွံ့ဖြိုး ရေးဦးစီးဌာန ကွင်းဆင်းအဖွဲ့နှင့် တိုင်ပင်ပြီး ရည်မှန်းချက် ပန်းတိုင် (၃)ခုကိုလည်း အောက်ပါအတိုင်း ရိုးရှင်းစွာချမှတ်ထားပါသည်။

(၁) ကျွန်ုပ်တို့ရွာလူထုသည်စိုက်ပျိုးရေးထုတ်ကုန်တိုးမြှင့် ထုတ်လုပ်ခြင်း၊မွေးမြူရေး များ တိုးတက်လုပ်ကိုင်နိုင် ခြင်းဖြင့် ဝင်ငွေတိုးတက်စေရမည်။

(၂) လူငယ်များအား ပညာတတ်မြောက်မှု ယခုထက်တိုးတက်စေခြင်းနှင့် အသက်မွေး ဝမ်းကျောင်း မှုလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုများတိုးတက်စေပြီး ဝင်ငွေနှင့် စီးပွါး ရှာဖွေ နိုင်စွမ်း တိုးမြင့်လာရမည်။

(၃) ကျွန်ုပ်တို့ရွာလူထုသည် ကျေးရွာမီးလင်းရေးဆောင်ရွက်ပြီး လူနေမှုအဆင့်အတန်း မြင့်မား လာရမည်။

(၅.၂) နည်းဗျူဟာ

ကျွန်တော်တို့ကျေးရွာသည် ကံအားလျော်စွာ နေပြည်တော်ကောင်စီနယ်မြေနှင့် နီးကပ်စွာ တည်ရှိပြီး အထူးသဖြင့် လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းကောင်းများစွာ ရှိပါသည်။ လယ်ယာထွက်ကုန်များကိုလည်း ရန်ကုန်၊မန္တလေးနှင့်အခြားသောမြို့ကြီးများသို့ တင်ပို့နိုင်ရန်အတွက် လမ်းပန်းဆက်သွယ်ရေး၊ ပို့ဆောင်ရေး လွယ်ကူအဆင်ပြေသော နေရာတွင်တည်ရှိပါသည်။

ကျွန်တော်တို့ကျေးရွာ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံတော်အစိုးရနှင့် နေပြည်တော်ကောင်စီတို့၏ ပံ့ပိုးမှုများစွာလိုအပ်ပါသည်။ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေး၊ အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်အခွင့်အလမ်းများတိုးတက်များပြားလာစေရေး၊ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုကဏ္ဍများ လက်လှမ်းမှီရရှိစေရေး၊ အသေးစားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် နည်းပညာရရှိစေရေးနှင့်ပညာရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်ကျွနိုပ်တို့



CS CamScanner

ကျေးရွာနှင့် ပျဉ်းမနားမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေတို့ ဆက်စပ်လုပ်ကိုင်မှု တိုးချဲ့ရန် လိုပါသည်။

အခန်း(၈)တွင်ဖော်ပြထားသည့်အတိုင်း အောက်ခြေတွင်ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါအကောင်ထည်ဖော်ရေးဗျူဟာကိုကျင့်သုံး၍ စနစ်တကျ ဆောင်ရွက်ခြင်းအားဖြင့်ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး ရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

(က) တစ်နှစ်သုံးသီးစိုက်ပျိုးထုတ်လုပ်ခြင်းအားဖြင့် သီးနှံထုတ်လုပ်မှုစွမ်းအားကို ပိုမို တိုးတက်စေပါမည်။ မိုးတွင် မိုးစပါး၊ ဆောင်းတွင် မတ်ပဲ၊ နွေတွင် နွေစပါး စိုက်ပျိုးရန်ဆည်ရေလိုပါသည်။ သီးနှံပိုထွက်ရန် တောင်သူများအား စိုက်ပျိုးရေး အသိပညာရရှိစေရန်နှင့်သဘာဝမြေသြဇာသုံးစွဲခြင်း၊ဘက်စုံသီးနှံဖျက်ပိုးကာကွယ် နှိမ်နင်းနည်းများအပါအဝင်နည်းစနစ်ကောင်းများသုံးရန် ဖန်တီးပေးရပါမည်။ အထူးသဖြင့် မတ်ပဲသီးနှံများအောင်မြင်စွာ စိုက်ပျိုးနိုင်ရေးအတွက် သုတေသန ဌာနများ၊ ကျွမ်းကျင်ပညာရှင်များနှင့်ချိတ်ဆက်၍ အရေးတကြီး လုပ်ဆောင်ရန် ဖြစ်ပါသည်။ နွေသီးနှံစိုက်ပျိုးရေးအတွက် ငလိုက်ဆည်ရေလုံလောက်စွာရရှိရန် ဆည်မြောင်းဦးစီးဌာနကို အသိပေးတင်ပြရပါမည်။ စိုက်ပျိုးရေ မျှမျှတတရစေရေး အတွက် ထိရောက်သည့် စီမံခန့်ခွဲမှု တို့ကို တိုးမြှင့်ဆောင်ရွက်ရပါမည်။

(ခ) ကွမ်း၊ မို့၊ နံနံ စသည့်ဈေးကွက်ဝင် သီးနှံများစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် ဝင်ငွေ တိုးအောင် ဆောင်ရွက်ရပါမည်။

(ဂ) လယ်မဲ့ယာမဲ့နှင့်ဆင်းရဲသားလယ်သမားများကို ကျွဲ၊ နွား၊ ကြက် မွေးမြူရေး လုပ်ငန်းများလုပ်ကိုင်ပြီး အပိုဝင်ငွေရရှိစေမည်။ ကြက်မွေးမြူရေးလုပ်ငန်းသည် အရင်းအနှီးနည်းပါးပြီး တစ်ပိုင်တစ်နိုင်လုပ်ဆောင်နိုင်သော လုပ်ငန်းဖြစ်သဖြင့် စနစ်တကျ မွေးမြူသင့်ပါသည်။ နွားမွေးမြူရေးမှာ အကျိုးအမြတ်ရှိသော်လည်း စတင်ရင်းနှီးငွေ အထိုက်အလျောက် ကြီးမားသည့်အပြင် မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ပံ့ပိုးမှုရရန်လည်း လိုအပ်ပါသည်။

(ဃ) လယ်မဲ့ယာမဲ့ဆင်းရဲသားများ ဝင်ငွေတိုးတက်စေရန်အတွက် အလုပ်အကိုင်များ ဖန်တီးပေးခြင်း၊ အသက်မွေးဝမ်းကြောင်းဆိုင်ရာ ကျွမ်းကျင်မှုများ ဖော်ဆောင် ပေးရေး၊ စီးပွားရေးလုပ်ငန်းများ စီမံခန့်ခွဲမှုကျွမ်းကျင်ရေး၊ လုပ်ငန်းသစ်များ စွန့်ထွင်လုပ်ကိုင်မှု ကျွမ်းကျင်ရေး၊ တစ်နိုင်ကျေးလက် ကုန်ထုတ်လုပ်ငန်းများ



CS CamScanner

တိုးပွားလာပြီး အနီးအနား တဝိုက်ဈေးများတွင် ထုတ်ကုန်များရောင်းချရေးတို့ကို လုပ်ရပါမည်။ နေပြည်တော် ဟိုတယ်လုပ်ငန်းများသည်လာမည့် နှစ်အနည်းငယ်အတွင်းလျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာနိုင်ပြီး အမျိုးသား၊ အမျိုးသမီး၊ လူငယ်၊ လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းကောင်းများဖြစ်သည်။ ကျေးရွာအတွင်းရှိ အလယ်တန်းပညာအရည်အချင်းရှိ လူငယ်များ၊ ဘွဲ့ရလူငယ်များကို ဟိုတယ်စီမံခန့်ခွဲရေးသင်တန်း၊အစားအသောက်ဝန်ဆောင်မှု သင်တန်းများပေးပြီး အလုပ်အကိုင်များတိုးတက်လာမည်ဖြစ်သည်။

(င) စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ကျေးရွာတွင်းအသေးစား လုပ်ငန်းများအတွက် ချေးငွေများ၊ ငွေရေးကြေးရေးဝန်ဆောင်မှုရရှိရန် ပိုမိုကောင်းမွန်သော ဘဏ်လုပ်ငန်းများလိုအပ်ပါသည်။ ငွေကြေးဝန်ဆောင်မှုပေးသည့်ဘဏ်နှင့် ငွေချေးယူမည့် ကျေးရွာသားများကို စွမ်းဆောင်ရည်မြှင့်တင်ပေးရန် လိုအပ်ပါသည်။ ငွေချေးလိုသူများဘက်မှ ဘဏ်သို့အဆိုပြုလွှာတင်နိုင်ရန်အတွက် အထောက်အထား မှတ်တမ်းမှတ်ရာများ ပြုစုထားရှိရန်နှင့် ကျေးရွာအခြေပြု ငွေစုငွေချေးလုပ်ငန်းကို ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ထားရပါမည်။ သို့မှသာ ငွေကြေး ဝန်ဆောင်မှုပေးသောဘဏ်များနှင့်ချိတ်ဆက်မိပြီး ကျေးရွာငွေစုငွေချေးလုပ်ငန်းအတွက်ရင်းနှီးမြုပ်နှံငွေ ပိုအားကောင်းလာမည်ဖြစ်သည်။ ငွေထုတ်ချေးမည့် ဘက်မှလည်း ဘဏ်နှင့်ငွေကြေးကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် မြို့နယ်အဆင့် ဌာနဆိုင်ရာနှင့် ဘဏ်ခွဲများမှ ဆွေးနွေးညှိနှိုင်းတောင်းဆိုမှုများ လုပ်ရန်လိုအပ်သည်။ သို့မှသာ ကျေးလက်ဒေသနေ ပြည်သူများထံသို့ ငွေကြေးဝန်ဆောင်မှုနှင့်ငွေကြေးဆိုင်ရာရရှိမှုတို့ လုံလုံလောက်လောက် ရှိနိုင်ပေမည်။

**(၆) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ**

အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများနှင့်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။



CamScanner

## (၆.၁)ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့ များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများ ကိုယ်တိုင်အားထုတ်လုပ်ကိုင် ရရှိခဲ့မှုများကို ပြန်လည်စီစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေး စီမံကိန်းများအား အချိန်မှန် ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်း စသည်တို့ဆောင်ရွက်နိုင်ရန် အကူအညီများဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

## (၆.၂) စိုက်ပျိုးရေးနှင့်ဆည်မြောင်းရေပေးဝေမှု

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ကျွန်တော်တို့ကျေးရွာလယ်မြေများကို ဆည်မြောင်းရေ လုံလောက်စွာဖြန့်ဝေပေးနိုင်ရန်နည်းလမ်းများရှာဖွေရန် လိုအပ်ပါသည်။ ယခုအခါဆည်မြောင်းဦးစီးဌာနသည် စံပြလယ်ယာမြေများကိုသာ ဆည်မြောင်းရေလုံလောက်စွာ ပေးဝေနေခြင်းဖြစ်ပါသည်။

## (၆.၃) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်းဆင်းရဲတောင်သူ၊အလယ်အလတ်တောင်သူနှင့်တောင်သူကြီးများအတွက်လိုအပ်သော ချေးငွေရရှိရန် ပြုပြင်ပြောင်းလဲဖွဲ့စည်းသင့်သည်။ အထူးသဖြင့် လယ်သမားနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။

## (၆.၄) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျေးရွာတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့်အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များလက်လှမ်းမီမှုတွင်အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသော လုပ်ငန်းများ (ကုန်ထုတ်ခြင်း၊ စက်မှု၊ လက်မှုလုပ်ငန်း)အတွက် လုပ်ငန်းစီမံခန့်ခွဲရေးထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ ကျွန်တော်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါအဆင်သင့်မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင်ထားရှိကာ တစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်

ပေးရန်လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးရဲ့ပညာပေးရေး ဝန်ထမ်းအချို့ ပါဝင်မည်ဖြစ်ပြီး၊ မြို့နယ်ဒေသမှသည် ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှု အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သော ရန်ပုံငွေလည်း ရှိရပါမည်။

(၆.၅) ကျေးရွာမီးလင်းရေး

ကျေးရွာသူ၊ကျေးရွာသားများသည် ကျေးရွာမီးလင်းရေးအတွက် ကိုယ်ထူကိုယ်ထမီးလင်းရေးကော်မတီကိုဖွဲ့စည်းခဲ့ကြသည်။ ၄င်းကော်မတီ၏အစီအစဉ်ဖြင့်မဟာဓါတ်အားလိုင်းမှ ကျေးရွာအထိ မီးတိုင်စိုက်ခြင်း၊ မီးကြိုးများသွယ်ခြင်း၊ ထရန်ဖော်မာတပ်ဆင်ခြင်းတို့အတွက် ရံပုံငွေပေါင်း ၂၄.၅ သန်း ကုန်ကျခဲ့ပါသည်။ ကျေးရွာမှကောက်ခံငွေမှာ (၁၄.၅)သန်း ဖြစ်ပြီး ကျန်ရှိသော ကျပ်သန်း(၁၀)ကို အတိုးမဲ့ဖြင့် အနီးရှိ မက်ကိုကုမ္ပဏီမှ ချေးယူခဲ့ပါသည်။ ၄.၃ သန်းကို ပြန်လည်ပေးဆပ်ခဲ့ပါသည်။ ကျန်ငွေအနေဖြင့် (၅.၇) သန်းကျပ်ဆပ်ရန် ကျန်ရှိနေပါသည်။

ကျေးရွာမီးလင်းရေးအစီအစဉ်ကို အဖွဲ့ဝင်(၂၀)ဦးပါသော ကိုယ်ထူကိုယ်ထ ကျေးရွာမီးလင်းရေးကော်မတီမှစတင်ဦးဆောင်၍ ဆောင်ရွက်ခဲ့ပါသည်။ ကော်မတီသည် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံးကျပ် (၁၀၀၀၀၀) မှ အများဆုံး ကျပ် (၁၅၀၀၀၀)အထိ ဆင်းရဲချမ်းသာအဆင့်အလိုက် ကောက်ခံခဲ့ပါသည်။ ယခုအချိန်တွင် (၅၀)အိမ်သာလျှင် လျှပ်စစ်မီးရရှိပြီး (၈၆) အိမ်များမှာ သတ်မှတ်ထားသော ထည့်ဝင်ငွေ (မီတာဖိုး+ ဝါယာကြိုးဖိုး+ သွယ်ယူခများ အပါအဝင်) မထည့်ဝင်နိုင်ကြပါ။ ၄င်းမိသားစုများအတွက် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် နိုင်ငံတော်အစိုးရထံ ရင်းနှီးထောက်ပံ့ငွေ ရနိုင်ရန်တင်ပြထားပါသည်။ ရင်းနှီးထောက်ပံ့ငွေ ခန့်မှန်းမှာ ကျပ်ငွေ ၁၇.၂ သန်း (၈၆ အိမ်ထောင်စု x ကျပ် ၂သိန်း) ဖြစ်ပါသည်။

(၇) စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင်စီမံကိန်းတွင်ပါဝင်သောအကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများကို ဖော်ထုတ်ပြီးဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သောအကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ်ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုံစံနှင့်အစီအစဉ်၊ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့်ကာလ၊ အခြေခံအဆောက်အဦးကိုပြုပြင်ထိန်းသိမ်းမည့်အစီအစဉ်၊ ဘတ်ဂျက်နှင့်ငွေရေးကြေးရေးအစီအစဉ်များ ပါဝင်ပါသည်။



CamScanner

အချို့သော စီမံကိန်းများကိုဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။

စီမံကိန်းစီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဦးစားပေးသတ်မှတ်ရာတွင် ဘတ်ဂျက်၊ငွေကြေးရရှိနိုင်မှုအပေါ်အခြေခံပြီးနှစ်စဉ်ပြုပြင်ပြောင်းလဲနိုင်သည်။

ဒေသတွင်းဖြစ်ပေါ် လာသောဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ငါးနှစ်တာအတွက်ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအတွက် ပြင်ဆင်ရမည် ဖြစ်သည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံကိန်း လုပ်ငန်းများမှာ-

**ဇယား (၉) - ကျေးရွာလူထု အစည်းအဝေးတွင် သဘောတူသတ်မှတ်သော ဦးစားပေးစီမံကိန်း လုပ်ငန်းများ**

| စဉ် | ကဏ္ဍ / အကြောင်းအရာ | | စီမံကိန်း | ဦးစားပေး ရမှတ် | ဦးစားပေး အဆင့် |
|---|---|---|---|---|---|
| ၁ | စိုက်ပျိုးရေး | သီးနှံ | ဆည်ရေ လုံလောက်စွာ ရရေး | ၅၀ | ၂ |
| | | | မတ်ပဲသီးနှံ နှင့် အခြားဈေး ကွက်ဝင်သီးနှံများ စိုက်ပျိုးရေး | ၃၂ | ၆ |
| | | စိုက်ပျိုးရေးဆိုင်ရာ သင်တန်း | စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆိုင်သော နည်းပညာသင်တန်း၊ | ၃၅ | ၅ |
| ၂ | ငွေကြေး | ချေးငွေ | ရင်းနှီးလုပ်ကိုင်ရန်အတွက် ချေးငွေ ရရှိရေး | ၅၀ | ၂ |
| ၃ | ပညာရေး | မူလတန်း ပညာရေး | မူလတန်းကျောင်း ဆောက်လုပ်ရန်မြေ နှင့် အဆောက်အအုံ | ၄၉ | ၃ |
| ၄ | အခြေခံ အဆောက် | လမ်း | ရွာတွင်းမှ ကားလမ်းသို့ သွားရောက်နိုင်သည့် လမ်းပြုပြင်ခြင်း၊ | ၆၀ | ၁ |

| စဉ် | ကဏ္ဍ / အကြောင်းအရာ | | စီမံကိန်း | ဦးစားပေးရမှတ် | ဦးစားပေးအဆင့် |
|---|---|---|---|---|---|
| | အဦး | ကျေးရွာမီးလင်းရေး | လျှပ်စစ်မီး အိမ်တိုင်း ရရှိရေး | ၄၁ | ၄ |
| ၅ | | စွမ်းရည်မြှင့်တင်ရေး | လူငယ်များ အလုပ်အကိုင်ရရှိရေး | ၄၉ | ၃ |

ဇယား (၁၀) စီမံကိန်းကာလ

| စဉ် | စီမံကိန်း (Project) | ဦးစားပေးအဆင့် | ပထမနှစ် | ဒုတိယနှစ် | တတိယနှစ် | စတုတ္ထနှစ် | ပဉ္စမနှစ် |
|---|---|---|---|---|---|---|---|
| ၁ | ရွာတွင်းမှ ကားလမ်းသို့ သွားရောက်နိုင်သည့် လမ်းပြုပြင်ခြင်း၊ | ၁ | | | | | |
| ၂ | ဆည်ရေ လုံလောက်စွာ ရရေး | ၂ | | | | | |
| ၃ | ရင်းနှီးလုပ်ကိုင်ရန်အတွက် ချေးငွေ ရရှိရေး | ၂ | | | | | |
| ၄ | မူလတန်းကျောင်းဆောက်လုပ်ရန်မြေ နှင့် အဆောက်အအုံ | ၃ | | | | | |
| ၅ | လူငယ်များ အလုပ်အကိုင် ရရှိရေး | ၃ | | | | | |
| ၆ | လျှပ်စစ်မီး အိမ်တိုင်း ရရှိရေး | ၄ | | | | | |
| ၇ | စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆိုင်သောနည်းပညာသင်တန်း၊ | ၅ | | | | | |
| ၈ | မတ်ပဲသီးနှံနှင့်ဝင်ငွေရသီးနှံများ စိုက်ပျိုးရေး | ၆ | | | | | |

၈။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာဗျူဟာ (Budget and Financing Strategy)

စီမံကိန်းရန်ပုံငွေတွက်ချက်အသုံးပြုရာတွင် အောက်ပါအတိုင်းအမျိုးအစားအုပ်စု (၂)မျိုးကို အခြေခံ၍ စီမံခန့်ခွဲနိုင်ပါမည်။

**ကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)**

ဆောင်ရွက်မည့်စီမံကိန်းသည်၊ စီမံကိန်းဘတ်ဂျက်သည် (က)မည်သည့်ကဏ္ဍ အောက်တွင်(ဥပမာစိုက်ပျိုးရေး၊လျှပ်စစ်ကဏ္ဍစသည်)၊ (ခ)မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)**

စီမံကိန်းဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကိုဖော်ပြခြင်းဖြစ်ပါသည်။

(က) သာမန်အသုံးစရိတ်(current expenditure) ဥပမာ-လစာ၊နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ငှားရမ်းခစသည်များ၊

(ခ) ငွေလုံးငွေရင်းအသုံးစရိတ်(capital expenditure)ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများနှင့် ပုံသေဝယ်ယူ၍ရသောရင်းနှီးမြှုပ်နှံမှုများ၊

(ဂ) စွမ်းရည်မြှင့်တင်ရေးအသုံးစရိတ်( Capacity Building Expenditure ) ဥပမာ-ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်။

အထက်ပါနည်းလမ်း(၂)မျိုးဖြင့် အုပ်စုခွဲခြင်းသည် စီမံကိန်းဆိုင်ရာအချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင်များစွာအထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့်သက်ဆိုင်သော စီမံကိန်းများကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classificationသည် စီမံကိန်းလုပ်ငန်းများ၏ အကျိုးရလာဒ်ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

အောက်ပါဇယားတွင်ဖော်ပြထားသောစီမံကိန်းအလိုက် အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်နိုင်ရန် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့များအစည်းများနှင့် လုပ်ငန်းရှင်များ ထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

ဇယား(၁၁)-စီမံကိန်းဘတ်ဂျက်

| စဉ် | စီမံကိန်း | ရံပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန် အသုံး စရိတ် | ငွေလုံး ငွေရင်း အသုံး စရိတ် | အထွေထွေ ရင်းနှီး မြှုပ်နှံမှု | အရေးပေါ် အထောက် အပံ့ |
| ၁ | စိုက်ပျိုးနည်းပညာ | | | | | |
| ၂ | ဆည်ရေလုံလောက်စွာ ရရှိရေး | | | | | |
| ၃ | ရင်းနှီးလုပ်ကိုင်ရန် ချေးငွေ | | | | | |
| ၄ | မတ်ပဲသီးနှံအစားထိုး စိုက်ပျိုးရေး | | | | | |
| ၅ | မူလတန်းကျောင်း ဆောက်လုပ်ရန် မြေ၊အဆောက်အအုံ | | | | | |
| ၆ | လျှပ်စစ်မီးအိမ်တိုင်း ရရှိရေး | | | | | |
| ၇ | လူငယ်များ အလုပ် အကိုင်ရရှိရေးစက်မောင်း၊ စက်ပြင် သင်တန်း | | | | | |
| ၈ | လမ်းခင်းခြင်း | | | | | |

## ၉။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း(plan monitoring and assessment)

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက် အောင်ဆောင်ရွက်နိုင်ပါလိမ့်မည်။ ကြီးကြပ် စစ်ဆေး သုံးသပ်ရခြင်း၏ ရည်ရွယ်ချက်များမှာ-

- စီမံကိန်းလုပ်ငန်းများ၏ တိုးတက်မှုများအား အမြဲမပြတ်ကြည့်ရှု၍ စီမံခန့်ခွဲရန် ၊



CamScanner

- ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ ပြီးမြောက်အောင်မြင်မှုများအား လေ့လာခြင်းအားဖြင့် ၎င်းတို့၏အကျိုးရလဒ်များကို ကျွန်ုပ်တို့ ရှင်းလင်းစွာ နားလည်သဘောပေါက်လာမည်။
- ဖြစ်ပေါ်လာသည့် စိန်ခေါ်မှုများကို ဖော်ထုတ်သိရှိနိုင်ရန်နှင့် ဦးစားပေး ဖြေရှင်းရမည်များကို သတ်မှတ်ဆောင်ရွက်နိုင်ရန်၊
- ဆောင်ရွက်နေသော စီမံကိန်းအတွေ့အကြုံများအပေါ်တွင် အခြေခံ၍ အသုံးပြုနေသော ဖွံ့ဖြိုးရေးဗျူဟာကို ချိန်ညှိနိုင်ခြင်းအားဖြင့် သင့်လျော်သော ဖွံ့ဖြိုးရေးအစီအစဉ်များ ရွေးချယ်ဆောင်ရွက်နိုင်ရန်၊
- နိုင်ငံတော်အစိုးရအဖွဲ့အစည်းများနှင့် အခြားဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများထံမှ လိုအပ်သော ဖွံ့ဖြိုးရေးအကူအညီများ တိတိကျကျ သတ်မှတ်နိုင်ရန်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

### (၉-၁) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေး သုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်း အချက်အလက်များ (Baseline) ရရှိအောင်ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက် အလက်များသည် စီမံကိန်း၏တိုးတက်မှုကိုတိုင်းတာမည့်အညွှန်းကိန်း(indicator)များ ဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ် စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ၊
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင် သင့်သောအဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ။

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသား နှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဉက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာ ခန့်ပါဝင်၍ အောက်ပါအချက်များကိုအဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ် များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

**(၉-၂ ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ**

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန်ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်း များမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊
- သတင်းမီဒီယာများ၊



CamScanner

- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲတွင် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သုံးသပ်ပွဲတွင် အောက်ပါအချက်များ အပေါ် အဓိက အလေးထားဆောင်ရွက်ပါမည်။

- စီမံကိန်းလုပ်ငန်းများမှ ရရှိခဲ့သော လက်ငင်းရလာဒ်များနှင့် အကျိုးသက်ရောက်မှုများ၊
- စီမံကိန်းတစ်ခုချင်းစီ၏ ကျေးရွာလူထုဖွံ့ဖြိုးရေးအပေါ်အကျိုးသက်ရောက်မှုများအား အကဲဖြတ်သုံးသပ်ချက်များ၊
- ဖွံ့ဖြိုးရေးအစီအစဉ်များ အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများ၊
- ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအောင်မြင်ရေးအတွက်ဗဟိုအဆင့်မှကူညီ အားဖြည့်ရမည့်မူဝါဒနှင့် စီမံကိန်းအထောက်အပံ့များ လိုအပ်မှု အခြေအနေ၊
- ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်မှုမှ ရရှိသောသင်ခန်းစာများ (အခြားရွာများနှင့် အခြား ဒေသ ရွာများသို့ အပြန်အလှန်မျှဝေနိုင်ရန်)၊
- ဘတ်ဂျက်ရရှိမှုနှင့် လုံလောက်မှုအခြေအနေ၊
- အကြံပြုသုံးသပ်ချက်များ။

နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သုံးသပ်ပွဲ အစီရင်ခံစာကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီက အနှစ်ချုပ်ပြုစုပြင်ဆင်၍ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံ အစီရင်ခံပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။

- ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် အဓိကအကျဆုံးသော အရေးကြီးသည့် အကြောင်းအရာ နှင့် စိန်ခေါ်မှုများ၊
- ပြုပြင်ဆောင်ရွက်ရမည့် အဆိုပြု အစီအစဉ်။
- နိုင်ငံတော် အစိုးရအဖွဲ့အစည်းများထံမှ လိုအပ်သည့်အကူအညီ စသည်တို့ဖြစ်ပါသည်။



CamScanner

(၉-၃) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများ ကိုမြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

**(၁၀) ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖေါ်မည့် နည်းလမ်း နှင့် အစီအစဉ်များ**

**(၁၀-၁) ကျေးရွာလူထု (လူထုခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုအခန်းကဏ္ဍ)**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင် အထည်ဖော်ရန်တာဝန်မှာကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း ၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူ ဆောင်ရွက်စေ၍ လယ်သမား အဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်ခြင်းလုပ်ငန်းများ တိုးတက်ရေးကို တာဝန်ယူဆောင်ရွက် စေခြင်း ဖြစ်ပါသည်။

**(၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာ တွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင် မတတ် နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်း ပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာ ရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာထုတ်ကုန် သီးနှံများတိုးမြှင့်ထုတ်လုပ်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် ဆက်သွယ်၍ နည်းပညာဆိုင်ရာ အကူအညီများရယူရပါမည်။

**(၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ၊



CS CamScanner

- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ( နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့ အစည်းများ)။

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသော အဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာ ဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

## ၁၁။ ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်း(Scheme)များ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုကိုယ်တိုင်ပူးပေါင်းပါဝင်သောနည်းလမ်း (Participatory Process) ဖြင့်ဆောင်ရွက်ရာတွင် အရေးကြီးသောလိုအပ်ချက်မှာ စီမံကိန်းများ အကောင်အထည်ဖော်မှုအဆင့်တိုင်း၌ လူတန်းစားအလွှာအသီးသီး၊ လူတန်းစားမရွေးထိရောက်စွာ ပါဝင်ခွင့်ရရှိရေးပင်ဖြစ်ပါသည်။ သို့မှသာ လူထုကစီမံကိန်းလုပ်ငန်းများအပေါ် ပိုင်ရှင်စိတ်ဓာတ် ရှိလာပါမည်။ လူထု၏ ပိုင်ရှင်စိတ်ဓာတ်ရှိလေလေ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (Scheme) များလုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးအတွက် လူထုပါဝင်မှုကောင်းလေလေ ဖြစ်ပါမည်။ ၎င်းဖွံ့ဖြိုးရေး လုပ်ငန်းများလည်ပတ်စရိတ်၊ ပြုပြင်စရိတ် တို့အတွက် လူထု၏ထည့်ဝင်မှု၊ ပူးပေါင်း ပါ ဝင်မှုမရှိလျှင် တည်ထောင်ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်း များမတည်မြဲနိုင်ပါ။

ကျွန်ုပ်တို့ကျေးရွာတွင် အောက်ပါဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လုပ်ငန်းလည်ပတ် ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့ကိုဆောင်ရွက်ရပါမည်။

| စဉ် | ကဏ္ဍ | လုပ်ငန်း |
|---|---|---|
| ၁ | စီးပွားရေးကဏ္ဍ | • အစိုးရရေသွင်းမြောင်းမှစိုက်ပျိုးရေရရှိရေး<br>• ချေးငွေလက်လှမ်းမီရေး |
| ၂ | လူမှုအဆောက်အဦများ | • မူလတန်းကျောင်းဆောင်ဆောက်လုပ်ခြင်း<br>• မီးလင်းရေး |
| ၃ | လမ်းပန်းဆက်သွယ်ရေး | • လမ်းပြုပြင်ခြင်း |



CS CamScanner

အထက်ဖော်ပြပါ ဖွံ့ဖြိုးရေးလုပ်ငန်းများ၏ လုပ်ငန်းရည်ရွယ်ချက်နှင့် သဘာဝများမှာ လုပ်ငန်းအလိုက်ကွဲပြားပါသည်။ ထို့ကြောင့်လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး အစီအစဉ်များအတွက် စီစဉ်ဆောင်ရွက်ပုံများမှာလည်း ကွဲပြားပါသည်။ ကျွန်ုပ်တို့ရွာဖွံ့ဖြိုးရေး လုပ်ငန်းများအလိုက် လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးအဖွဲ့များနှင့် အစီအစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါ သည်။

**လမ်းပြကြယ် ပညာရေးဖောင်ဒေးရှင်း**

ပညာရေးဝန်ဆောင်မှုနှင့်ပတ်သက်၍ ကျွန်တော်တို့ကျေးရွာတွင် လမ်းပြကြယ်ပညာရေး ဖောင်ဒေးရှင်းကို ထူထောင်ထားပါသည်။ ယခင်က ကျွန်တော်တို့ကျေးရွာတွင် ဘွဲ့ရပညာတတ် ဟူ၍ မရှိခဲ့ပါ။ နောင်လာနောင်သားများသည် မိမိတို့ကဲ့သို့ ပညာမဲ့များမဖြစ်စေရန် ရည်သန် ခဲ့ကြပါသည်။ ရည်သန်ခဲ့ကြသော်လည်း မည်ကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ကို မသိရှိခဲ့ပါ။ မဂ္ဂဇင်းတစ်စောင်ကို ဖတ်ရှုမိရာ ယင်းမဂ္ဂဇင်းတွင် စင်္ကာပူနိုင်ငံအကြောင်း ဖတ်ရှုပြီး သားသမီး၊ နောင်လာနောင်သားများကို ပညာတတ်များဖြစ်ရမည်ဟု ကျေးရွာရှိ ဆရာတော် ဦးပစ္စင်းလေးဦးနန္ဒိသေဃ၊ ဆရာတော်(၃)ပါးနှင့် နာယက(၂)ယောက်တို့မှ ဦးဆောင်၍ ၂၀၁၁ခုနှစ် ဇွန်လ(၆)ရက်နေ့တွင် လမ်းပြကြယ်ပညာရေးဖောင်ဒေးရှင်းကို ငွေကျပ် ၁၂၀၀၀၀ ဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ စတင်ဖွဲ့စည်းသည့်နှစ်တွင် ကျောင်းသူကျောင်းသား(၇)ဦးကို ပညာသင်စရိတ် ၅၀၀၀ကျပ် ကူညီပံ့ပိုးပေးခဲ့ပါသည်။ ယခုဘွဲ့ရပညာတတ် (၁၉)ဦးနှင့် ဖွဲ့စည်း ထားပြီး တစ်လလစဉ်ကြေး ၅၀၀ကျပ်ကောက်ခံသည်။ ရွာတွင်း၊ ရွာပြင် လှူဒါန်းသူ (၁၆၂)ဦးရှိပြီး အဖွဲ့ဝင် (၁၅၀)ဦး၊ ရန်ပုံငွေ (၃၅)သိန်းကျော် ရှိပါသည်။ (၄)လတစ်ကြိမ် စာရင်းရှင်းတမ်း ပြုလုပ်သည်။ နှစ်စဉ် သူငယ်တန်းမှဒသမတန်းအထိ ပညာသင်စရိတ် ထောက်ပံ့ပေးပြီး နှစ်စဉ် စက်တင်ဘာလတွင် အခြေခံပညာတန်းအောင်မြင်သူများကို ဂုဏ်ပြု ချီးမြှင့်ပွဲ ကျင်းပပေးပါသည်။

**ကျေးရွာလူမှုရေးအဖွဲ့**

အဖွဲ့ကို ဘာသာရေး၊ လူမှုရေးကိစ္စအတွက်အခြေခံ၍ ဖွဲ့စည်းထားသည်။ ကျေးရွာရှိ အိမ်ထောင်စုတိုင်း ဆင်းရဲ၊ ချမ်းသာမရွေး အဖွဲ့ဝင်အဖြစ်ပါဝင်ကြသည်။ အဖွဲ့သည် လိုအပ်ချက် ရှိမှသာအခြေအနေပေါ်မူတည်၍ ရန်ပုံငွေကောက်ခံသည်။ဥပမာ-နာရေးဖြစ်လာလျှင် အိမ်ထောင်စု တိုင်းနာရေးကြေး ၁၀၀၀ကျပ်နှင့် ဆန်တပြည်ထည့်ဝင်ရသည်။ ကျေးရွာ၏ အခြားအရေးကြီး သည့်ကိစ္စများအတွက် အခွန်အခများကောက်ခံမှု ရှိလာလျှင်အိမ်ထောင်စုများ၏ စီးပွားခြေ အဆင့်အလိုက် ကောက်ခံသည်။ သို့ရာတွင် အဆင်းရဲဆုံးနှင့် ခိုကိုးရာမဲ့မိသားစုများကို ကင်းလွတ်ခွင့်ပေးသည်။ ကောက်ခံရရှိသည့်ငွေများကို ဦးတည်ကိစ္စ အတွက်သာသုံးစွဲသည်။

လူမှုရေးအဖွဲ့တွင် လူငယ်အဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့ နှင့်ဘာသာရေးအဖွဲ့စသည်တို့ ပါဝင်သည်။ တစ်ခါတစ်ရံတွင်လူမှုရေးအဖွဲ့သည် အလှူရှင်များထံမှ အလှူခံလေ့ရှိသည်။

**ကျေးရွာမီးလင်းရေးအဖွဲ့**

၂၀၁၃ မှစတင်၍ ကျေးရွာသားများကိုယ်တိုင် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ငွေကျပ်သန်းပေါင်း (၂၄.၅)သန်းအကုန်အကျခံကာ နိုင်ငံတော်အစိုးရလျှပ်စစ်မီးကို သွယ်တန်းခဲ့ပါသည်။ ကျေးရွာမှကောက်ခံငွေမှာ (၁၄.၅)သန်းဖြစ်ပြီး ကျန်ရှိသော ကျပ်သန်း(၁၀)ကို အတိုးမဲ့ဖြင့် အနီးရှိ မက်ကိုကုမ္ပဏီမှ ချေးယူခဲ့ပါသည်။ ၄.၃ သန်းကို ပြန်လည်ပေးဆပ်ခဲ့ပါသည်။ ကျန်ငွေအနေဖြင့် (၅.၇) သန်းကျပ် ဆပ်ရန် ကျန်ရှိနေပါသည်။

ကျေးရွာမီးလင်းရေး အစီအစဉ်ကိုအဖွဲ့ဝင်(၂၀)ဦး ပါသောကိုယ်ထူကိုယ်ထကျေးရွာမီးလင်းရေးကော်မတီမှစတင်ဦးဆောင်၍ ဆောင်ရွက်ခဲ့ပါသည်။ ကော်မတီသည် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံးကျပ် (၁၀၀၀၀၀)မှ အများဆုံး ကျပ် (၁၅၀၀၀၀)အထိ ဆင်းရဲချမ်းသာအဆင့်အလိုက် ကောက်ခံခဲ့ပါသည်။ ယခုအချိန်တွင် (၅၀)အိမ်သာလျှင် လျှပ်စစ်မီး ရရှိပြီး အခြားအိမ်များမှာ သတ်မှတ်ထားသော ထည့်ဝင်ငွေ (မီတာဖိုး+ ဝါယာကြိုးဖိုး+ သွယ်ယူခများအပါအဝင်) မထည့်ဝင်နိုင်ကြပါ။ လစဉ်လျှပ်စစ်သုံးစွဲသူများအနေဖြင့် လျှပ်စစ်သုံးစွဲခမှာ အစိုးရမှ သတ်မှတ်ထားသော နှုန်းထားအတိုင်း ကျေးရွာမှ ခန့်အပ်ထားသော မီးလုပ်သားက လစဉ်ကောက်ခံပြီး မြို့နယ်ရုံးသို့ ပြန်လည်ပေးသွင်းပါသည်။

ကျေးရွာလူထုသည်လမ်းမီးများလင်းစေရန်အတွက် မီတာခကို အချိုးကျကျခံကြ ကြပါသည်။

**နောက်ဆက်တွဲ(၁) နောက်ဆက်တွဲဇယားများ**

**နောက်ဆက်တွဲ(၁။က) ပျဉ်းမနားမြို့နယ်၊မယ်ဇလီကုန်းကျေးရွာ၏ဥစ္စာဓနအဆင့်ခွဲခြားခြင်း**

| ပိုင်ဆိုင်မှု အဆင့်အတန်း | (က)အဆင့် အတန်း (ချမ်းသာ) | (ခ)အဆင့် အတန်း (အသင့်အတင့်) | (ဂ)အဆင့် အတန်း (ဆင်းရဲ) | (ဃ)အဆင့် အတန်း (အလွန်ဆင်းရဲ) |
|---|---|---|---|---|
| အသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းပုံစံ | • | • | • နေ့စားလုပ်သား | • နေ့စား<br>• ကျန်းမာရေးမကောင်း |
| အသက်မွေးဝမ်းကျောင်း ပိုင်ဆိုင်မှု | • လယ်ယာ (၁၂) စက်ပိုင်ဆိုင် | • လယ်ယာ(၁၂) စက်ပိုင်ဆိုင်<br>• ဆိုင်ကယ် | • ဆိုင်ကယ်<br>• ဝက် (၁–၂) ကောင် | • ကျွဲ၊ နွား မရှိ |



CS CamScanner

| | | | | |
|---|---|---|---|---|
| | | | • ကြက်(၁)အုပ်<br>• ဆိတ် (၁၅) ကောင် | |
| လယ်ယာမြေပိုင်ဆိုင်မှု | • (၅)ကေအထက် | • (၁-၅)ကေထိ | • (၁)ကေအောက် | မြေယာမဲ့ |
| အိမ်ပုံစံ | • ၄ ပင်အိမ်<br>• ပျဉ်ခင်း<br>• ပျဉ်ကာ<br>• သွပ်မိုး<br>• ၄ ပင်အိမ် | • | • | • |
| အိမ်ထောင်စုပေါင်း | ၁ (၀.၈%) | ၂၄(၁၉.၇%) | ၂၈ (၂၃%) | ၆၉ (၅၆.၅%) |



CamScanner

ဇယား (၁၈ခ) : ဖွံ့ဖြိုးရေးကွင်းဆက်- ပြဿနာများအား ဆန်းစစ်လေ့လာခြင်းမှသည် ဖြစ်နိုင်ချေရှိသည့် ဖြေရှင်းနည်းဆီသို့

| စဉ် | ပြဿနာ | အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်သည့်အခြေနေကောင်းများ | အဟန့်အတား နှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြု စီမံကိန်း |
|---|---|---|---|---|---|---|
| | **စီမံအုပ်ချုပ်မှုစနစ်**<br>•ကျေးရွာတွင်းလက်ရှိ အဖွဲ့အစည်းများ အချင်းချင်းကြား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မှုစနစ်မရှိခြင်း၊ | •ကျေးရွာဖွံ့ဖြိုးရေးကို စီမံချက်ဖြင့် စနစ်တကျ ဆောင်ရွက်သည့်အစီအစဉ်မရှိခဲ့ခြင်း၊<br>•အဖွဲ့အစည်းဆိုင်ရာ သဘောတရားများအား သိကျွမ်းမှု အားနည်းခြင်း၊ | • နိုင်ငံတော်က ကျေးလက် ဖွံ့ဖြိုးရေး အစီအစဉ် ဦးစားပေး ဆောင်ရွက်နေခြင်း<br>• ကျေးလက်ဦးစီးဌာန ၏ကျေးလက်ဖွံ့ဖြိုး ရေးအစီအစဉ်၊ | • အဖွဲ့အစည်းဖွံ့ဖြိုးရေးဆိုင်ရာ နည်းပညာ ဝန်ဆောင်မှုများ နှင့် အလှမ်းဝေးခြင်း | •ကျေးရွာဖွံ့ဖြိုးရေစီမံကိန်းရေးဆွဲခြင်း အကောင်ထည် ဖော်ခြင်းစသည့် အလေ့ကျင့်များ၊ကျွမ်းကျင်မှုများ တည်ဆောက်ခြင်း<br>•ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်း၍ဖွံ့ဖြိုးရေး စီမံအုပ်ချုပ်မှုနှင့်ဆက်စပ်သော သဘောတရား သင်တန်းပံ့ပိုးပေးခြင်း၊ | •ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဖွဲ့စည်းခြင်း<br>•အဖွဲ့အစည်းဆိုင်ရာသဘောတရား သင်တန်းပို့ချပေးခြင်း၊ |



CS CamScanner

| စဉ် | ပြဿနာ | အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်သည့်အခြေနေကောင်းများ | အဟန့်အတား နှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်း များ | အဆိုပြု စီမံကိန်း |
|---|---|---|---|---|---|---|
| | **စိုက်ပျိုးရေး (သီးနှံ)** | | | | | |
| | •နွေစပါးစိုက်ပျိုးနိုင်သည့်မြေဧက ၈.၉၉ ဧကအနက် ဧက ၆၀ ခန့်သာစိုက်ပျိုးရေးရရှိခြင်း၊ | •ငလိုက်ဆည်မြောင်းရေအား မျှတစွာ လက်လှမ်းမီမှု မရရှိခြင်း၊ | •လယ်ကွင်းသည်ငလိုက်ဆည်ရေသောက် ဇရိယာ အတွင်းရှိခြင်း၊ | •အစိုးရဌာနများ၊ သမဝါယမများမှ ချေးငွေယူရန်ဝန်လေးခြင်း။ချေးငွေပြန်မဆပ်နိုင် မည်ကိုကြောက်ရွံ့ ခြင်း | •သင့်တင့်လျှောက်ပတ် သော စနစ်ဖြင့် ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးခြင်း | •အစိုးရဌာနများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများမှ တစ်ဆင့်ချေးငွေ ရရှိအောင် ဆောင်ရွက်ခြင်း |
| | •မတ်ပဲပိုးမွှားရောဂါဖျက်ဆီးမှုကြောင့် လယ်သမားများ မစိုက်ပျိုးရဲကြခြင်း | •သီးနှံရိတ်သိမ်းပြီးစအချိန်တွင် စိုက်ပျိုးစရိတ်ချေး ငွေဆပ်ရသောကြောင့် စပါးကို ဈေးကောင်း ရသည်အထိသိုလှောင်ရောင်းချရန် မဖြစ်နိုင်ခြင်း၊ | •သီးနှံရောဂါပိုးမွှား ကာကွယ်နိုင်နင်းရေး၊ မျိုးကောင်းမျိုးသန့် စသော နည်းပညာဝန်ဆောင်မှုများရရှိရန် ရေဆင်းစိုက်ပျိုးရေးသုတေသနဌာနနှင့် နီးကပ်ခြင်း၊ | •ချေးငွေစနစ်သည် လယ်သမားများနှင့် မကိုက်ညီခြင်း<br>•မိုးရေချိန် နည်းပါးသဖြင့် ဆည်တွင် သိုလှောင်ရေ နည်းပါးခြင်း | •ဆည်မြောင်း ဦးစီးဌာနနှင့် ချိတ်ဆက်၍ ဆည်ရေရရှိရေး ဆောင်ရွက်ခြင်း<br>•သီးနှံမျိုးကွဲများ စိုက်ပျိုးနိုင်ရေး လေ့လာစမ်းသပ်ခြင်း | •ပြင်ပအလှူရှင်များကိုရှာဖွေခြင်း<br>•လယ်သမားအဖွဲ့နှင့် အသက်မွေးဝမ်းကျောင်းအဖွဲ့များဖွဲ့စည်း၍ ပြင်ပရန်ပုံငွေများအတွက် ပြင်ဆင်ခြင်း |
| | •အရင်းအနှီးမပြည့်စုံ၍ စပါးကို ဈေးကောင်းရသည်အထိ လှောင်၍ | •ဘတ်စုံပိုးမွှား ရောဂါ ကာကွယ် နိုင်နင်းရေးကဲ့သို့ | •ယခင်က မတ်ပဲ စိုက်ပျိုးပြီး အသက်မွေးခဲ့သည့်အတွေ့အကြုံရှိခြင်း၊ | •အဓိကအားဖြင့် နေပြည်တော် စံပြလယ်ကွက်များကို ဦးစားပေး ရေ | •ခံနိုင်ရည်ရှိသော မျိုးများရှာဖွေ | •ဆည်မြောင်း |

| စဉ် | ပြဿနာ | အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်သည့်အခြေနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြု စီမံကိန်း |
|---|---|---|---|---|---|---|
| | ရောင်းချမှုမပြုနိုင်ခြင်း၊ | သောနည်းပညာဝန်ဆောင်မှု မရရှိခြင်း၊ | | သွင်းခြင်း<br>• စိုက်ပျိုးရေးသုတေသနဌာနနှင့်ဝန်ဆောင် မှုများအား လက်လှမ်း မီရန်ခက်ခဲခြင်း၊ | ခြင်း<br>• သီးနှံအမျိုးမျိုး ပြောင်းလဲ စိုက်ပျိုးခြင်း<br>• နည်းပညာအကူအညီ ရရှိစေရန် စိုက်ပျိုးရေးဌာနနှင့် ချိတ်ဆက်ခြင်း | ဌာနနှင့် ချိတ်ဆက်၍ ရေရရှိအောင် ဆောင်ရွက်ခြင်း<br>• သီးနှံမျိုးကွဲများ အလိုက် နည်းပညာ သင်တန်းပေးခြင်း<br>• သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍သီးနှံအသစ်များအတွက် စမ်းသပ်ကွက်များ ပြုလုပ်ခြင်း<br>• ခံနိုင်ရည်ရှိသော မျိုးများကို စိုက်ပျိုးရန် အတွက် ပညာပေးခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း |

| စဉ် | ပြဿနာ | အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်သည့်အခြေနေကောင်းများ | အဟန့်အတား နှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြု စီမံကိန်း |
|---|---|---|---|---|---|---|
| | | | | | | • ဘက်စုံသီးနှံကာကွယ်ရေးသင်တန်း ပေးခြင်း။<br>• စိုက်ပျိုးရေး သုတေသနဌာနများသို့ လေ့လာရေးခရီးများ သွားရောက်ခြင်း၊ သီးနှံမျိုးကွဲများ အလိုက် စမ်းသပ်ခြင်း |
| | မွေးမြူရေး<br>• တိရစ္ဆာန်မွေးမြူရေး အားမိသားစုဝင်ငွေရလုပ်ငန်းအဖြစ် မဆောင်ရွက်နိုင်ခြင်း | • သင့်တော်သည့်ဈေးငွေမရရှိနိုင်ခြင်း<br>• ဝက်၊ကြက် တိရစ္ဆာန်ရောဂါများ ကျရောက်ခြင်း | • ကျွဲ၊ နွား၊ ဝက်များ ရောင်းချရန်ဈေးကွက်ကောင်းမွန်ခြင်း<br>• မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ နည်းပညာ အကူအညီ ရရှိနိုင်ခြင်း | • ဘဏ်၊ချေးငွေဝန်ဆောင်မှုများသည် ကျေးရွာလူထုနှင့် ထိရောက်စွာ ချိတ်ဆက်နိုင်မှုမရှိသေးခြင်း | • ရောဂါကာကွယ်ထိန်းချုပ်နည်း အစီအစဉ်များ ဆွဲခြင်း၊အကောင်ထည်ဖော်ခြင်း | • ရောဂါကာကွယ်ထိန်းသိမ်းရေးအစီစဉ်များရေးဆွဲ အကောင်ထည်ဖော်ခြင်း<br>• သင့်တော်သော |

| စဉ် | ပြဿနာ | အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်သည့်အခြေနေကောင်းများ | အဟန့်အတား နှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြု စီမံကိန်း |
|---|---|---|---|---|---|---|
| | | | • ဆန်စပါးမှ ဆန်ကွဲနှင့် ဖွဲနုများ တိရစ္ဆာန်အစာအဖြစ် ဈေးနှုန်းသက်သာစွာဖြင့်ပေါပေါ များများရရှိနိုင်ခြင်း | • ကျေးရွာလူထုသည်မိရိုးဖလာစနစ်ဖြင့်သာမွေးမြူပြီး ကာကွယ်ဆေးထိုးနှံသည့် အလေ့အကျင့် မရှိခြင်း | • ဈေးငွေဝန်ဆောင်မှုများတိုးတက်အောင်ဖန်တီး၍ နွား၊ဝက်၊ ကြက်များ တိုးတက်မွေးမြူနိုင်အောင် ဆောင်ရွက်ခြင်း | ချေးငွေရရှိရန် ဆောင်ရွက်ခြင်း |
| | အခြားဝင်ငွေရလုပ်ငန်းများ<br>• ကျေးရွာ လူထုသည် လယ်ယာလုပ်ငန်းနှင့်သာရင်းနှီးကျွမ်းဝင်မှုရှိ၍ ဝင်ငွေရရှိနိုင်သည့် အခြားအလုပ်အကိုင်၊ | • အရင်းအနှီးမရှိခြင်း။<br>• အခြားဝင်ငွေရ လုပ်ငန်းများ အတွက် စီးပွားရေး အသိအမြင်၊ ကျွမ်းကျင်မှုနှင့် အဆက်အသွယ်ရရှိနိုင်မှုအားနည်းခြင်း။ | • နေပြည်တော် ပိုမိုဖွံ့ဖြိုးလာသည် နှင့် အမျှ ဈေးကွက် အခွင့်အလမ်းများ မြင့်မားလာခြင်း၊ (အခွင့်အလမ်းများ–ကျွမ်းကျင်လုပ်သား၊ | • ရေရှည်အသက်မွေးဝမ်းကြောင်းအတွက်အသေးစား လုပ်ငန်းများထူထောင်ရန် ထက်အလုပ်သမားလုပ်ရခြင်း | • ကျေးရွာလူထု လုပ်ငန်းအခွင့်အလမ်းများ ရရှိရေးအတွက် ထုတ်လုပ်မှုနည်းပညာ၊ ဝန်ဆောင်မှုဈေး | • စီးပွားရေးတိုးတက်စေရန်အတွက် လုပ်ငန်းအခွင့်အလန်းများစဉ်းစား နိုင်မည့်စီးပွားရေးလုပ်ငန်းအစီအ |

| စဉ် | ပြဿနာ | အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်သည့်အခြေနေကောင်းများ | အဟန့်အတား နှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြု စီမံကိန်း |
|---|---|---|---|---|---|---|
| | အခွင့်အလမ်းများကို မရှာဖွေနိုင်ခြင်း။ | | လျှပ်စစ်ပြင်၊ အရောင်းစာရေး၊ ဟိုတယ်ဝန်ထမ်း၊ဧည့်လမ်းညွှန်) | ကို ပိုမို စိတ်ဝင်စားခြင်း<br>• လုပ်ငန်းသစ်တစ်ခု စတင်နိုင်စွမ်း မရှိခြင်း (ကျွမ်းကျင်မှု၊လုပ်ငန်းတည်ထောင်ရန်နှင့်လည်ပတ်ရန်အရင်းအနှီးတို့အတွက် ဘဏ်နှင့်ချေးငွေဝန်းဆောင်မှုများ) | ကွက် စသည်တို့ဆိုင်ရာမူဝါဒနှင့် စီမံကိန်းများဆောင်ရွက်ခြင်း<br>• ကျေးရွာလူထုအားစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုဆိုင်ရာကျွမ်းကျင်မှုများတည်ဆောက်ပေးခြင်း၊ အသက်မွေးဝမ်းကြောင်းဆိုင်ရာလုပ်ငန်းကျွမ်းကျင်မှုများတည်ဆောက်ပေးခြင်း | စဉ် ရေးဆွဲခြင်း သင်တန်းများ ပံ့ပိုးခြင်း |
| | • ပညာရေး<br>• မူလတန်းကျောင်း | • မူလတန်းကျောင်း | • မိဘများသည် | • ကျောင်းဆောက် | • မူလတန်းကျောင်းဆောက်လုပ်ခြင်း | • ကျောင်းဆောင်ဆောက်လုပ်ရန် |

| စဉ် | ပြဿနာ | အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်သည့်အခြေနေကောင်းများ | အဟန့်အတား နှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြု စီမံကိန်း |
|---|---|---|---|---|---|---|
| | နေရွှယ်ကလေး များ ကျောင်းသွားကျောင်း ပြန်တွင် အတော်တဆ အန္တရာယ် ဖြစ်မည်ကိုစိုးရိမ် ရခြင်း။ | မရှိခြင်း။<br>• ကျောင်းနေရွယ်က လေးများအခြားရွာရှိ မူလတန်းကျောင်းသို့ သွားရာတွင် ရန်ကုန်မန္တလေး အဝေးပြေး လမ်းမကို ဖြတ်၍ သွားရခြင်း။ | ပညာရေး၏ အရေး ကြီးမှုကို အလေးထား ကြသည်။<br>• နေပြည်တော်နယ်မြေအတွင်းရှိ သောကြောင့် အခြားသော ကျေးရွာ များနှင့် နှိုင်းယှဉ်လှင် ကျောင်းဖွင့်ခွင့်ရရန် အခွင့်အလန်း ပိုမို ရှိပါသည်။<br>• လမ်းပြကြယ် ပညာ ရေးဖောင်ဒေး ရှင်းသည် ကလေးများ ပညာရေးတိုးတက်စေ ရန်အတွက် အထောက် အပံ့၊ အကူအညီများ ပံ့ပိုးပေးပါသည်။ | ရန်အတွက် လက်ရှိတွင် ခွင့်ပြုမိန့် မရှိ<br>• ကျောင်းမြေနေရာ အတွက် အစိုးရ မြေ ကန့်သတ် ချက်ရှိ | | ကျောင်းဆက် ရှင် ကျရန် အသိပေး ဆွေးနွေး ခြင်း<br>• ကျောင်းဆောက လုပ်ရန်အတွက် မြေနေရာရှာဖွေ ခြင်း<br>• ကျေးရွာသူ၊ ကျေးရွာ သား များအားပညာ ရေးကို အလေး ထားဆောင်ရွက် နိုင်ရန် စည်းရုံး လှုံ့ဆော်ခြင်း |
| • | ကျန်းမာရေး<br>• အချို့သောအမျိုးသား | • အရက်သောက်ခြင်း | | • အရက်များကို | • အရေးကြီးသည့် | • ကျန်းမာရေး |



CamScanner

| စဉ် | ပြဿနာ | အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်သည့်အခြေနေကောင်းများ | အဟန့်အတား နှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|---|
| | များ အသဲရောဂါ ခံစားနေကြရခြင်း၊ အသဲရောဂါကြောင့် သေဆုံးခြင်း။ | ကြောင့် | | တရားဝင်၊ တရားမဝင်ရောင်းချခြင်း။<br>• ကျေးရွာဖွံ့ဖြိုးရန် ရည်မှန်းချက်ထက် အရက်အတွက်သာရည်မှန်း ခြင်း | ကျန်းမာရေးနှင့် ပတ်သက်သော အသိပညာပေးခြင်း<br>• ဖွံ့ဖြိုးရေးနှင့် ဆိုင်သော ကျန်းမာရေး ပညာ ပေးခြင်း | ပညာပေး ဟောပြောပွဲများ၊ဘာသာရေး ဟောပြောပွဲများ၊<br>• ကျေးရွာဖွံ့ဖြိုး ရေးလုပ်ငန်းများ လုပ်နိုင်ရန်တိုက်တွန်းခြင်း<br>• အရက်သောက်ခြင်း ကို ရပ်တန့်ရန် တွန်း အားပေးခြင်း |
| | လျှပ်စစ်မီးရရှိမှု<br>• ပင်မဓါတ်အားလိုင်းသို့ ရွာမှ ကိုယ်ထူကိုယ်ထ ဓာတ်ကြိုးသွယ်တန်းထားသော်လည်းအိမ်ခြေ(၈၆) သည်လျှပ်စစ်မီး မရ | • လျှပ်စစ်မီးသွယ်ရန် ကိုယ်ပိုင်ငွေဖြင့် ကုန်ကျစရိတ်မတတ်နိုင်ခြင်း။<br>• ပင်မဓါတ်အားလိုင်းမှနေ၍ ရွာသို့ ဆက် | • မဟာဓာတ်အားလိုင်းမှ မီးလိုင်းကို ရွာအရောက်သွယ်တန်းပြီးဖြစ်ခြင်း၊<br>• ဦးဆောင်ဦးရွက်ပြုမည့်ကော်မတီရှိပြီးဖြစ် | • အိမ်ထောင်စုများ အများစုမှာ ဆင်းရဲခြင်း | • မြို့နယ်လျှပ်စစ်ဓါတ်အားပေးဌာန၊ ကျေးလက်ဦးစီးဌာန များ နှင့် ချိတ်ဆက်ခြင်း | • ကျေးရွာ ပူးပေါင်းပါဝင်နိုင်ရန် စည်းရုံး လှုံ့ဆော်ခြင်း<br>• ဆင်းရဲသားများ အတွက် အစိုးရ |

| စဉ် | ပြဿနာ | အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်သည့်အခြေနေကောင်းများ | အဟန့်အတား နှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်း များ | အဆိုပြု စီမံကိန်း |
|---|---|---|---|---|---|---|
| | ရှိသေးခြင်း | သွယ်ရာတွင် အစိုးရမှ ကူညီပံ့ပိုးမှု မရခြင်း။ | ခြင်း၊ | | | အထောက်အပံ့များ ရရှိရန် ပြုလုပ်ခြင်း<br>• ကျေးရွာမှ မြို့နယ်ဖွံ့ဖြိုးရေးအစီမစဉ်ထိ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း |



CamScanner

## ကျေးရွာဖွံ့ဖြိုးရေးအတွက် လမ်းညွှန်သဘောတရား

ဤကျေးရွာဖွံ့ဖြိုးရေးလမ်းညွှန်ချက် သဘောတရားများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အလွှာအသီးသီးတွင်လုပ်ဆောင်ရာ၌ မူဝါဒလမ်းညွှန်အဖြစ် ထုတ်ပြန်ထားသည့်ပြဌာန်းချက်များ ဖြစ်ပါသည်။ အောက်တွင်ဖော်ပြထားသည့် လမ်းညွှန်ချက်များသည် မြန်မာနိုင်ငံအတွင်းကျေးရွာအဆင့်တွင် လုပ်ဆောင်သည့်ဖွံ့ဖြိုးရေးဆိုင်ရာအုပ်ချုပ်မှုစနစ်၊ စီမံခန့်ခွဲရေးတို့နှင့်သက်ဆိုင်ပါသည်။ သို့ဖြစ်ပါ၍ ကျေးရွာရှိ အားလုံးသော ဖွံ့ဖြိုးရေးလုပ်ဆောင်မှုများသည် အောက်ဖော်ပြပါ လမ်းညွှန်ချက်အတိုင်း လိုက်နာရမည်။ ဤလမ်းညွှန်ချက်တွင် ပိုင်ရှင်စိတ်၊ အများပါဝင်၍အစီအစဉ်ရေးဆွဲခြင်း၊ စီးပွားရေးသဘောတရားများနှင့် ဖွံ့ဖြိုးရေးလုပ်ဆောင်ချက်မှဖြစ်ထွန်းလာမှုများ ရေရှည်တည်တံ့ရေးစသည်တို့ပါဝင်ပါ သည်-

(က) **ပိုင်ရှင်စိတ် (ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၊ စီမံကိန်းလုပ်ဆောင်မှုနှင့် လုပ်ငန်းအမျိုးအစားများ)**

- ကျေးရွာလူထုသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်စာတမ်းပိုင်ရှင်ဖြစ်သည်။ သို့ဖြစ်၍ စွမ်းရည်မြှင့်တင်သည့် မည်သည့်လုပ်ငန်းကိုမဆို ကျေးလက်လူထုအတွက် ဦးတည်ပါမည်။
- ထိုနည်းတူစွာ စီမံကိန်းဆောင်ရွက်မှုလုပ်ငန်းနှင့် အစီအစဉ်များကို ကျေးရွာသူ/သားများ ကိုယ်တိုင်စုစည်းခြင်း၊ ဦးဆောင်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့ ပြုလုပ်ရပါမည်။ နည်းပညာ၊ ငွေကြေးနှင့် ပစ္စည်းအကူအညီစသည်ဖြင့် ပြင်ပအကူအညီမှန်သမျှသည် ကျေးရွာလူထုနှင့် သက်ဆိုင်ရာအစုအဖွဲ့မှ တဆင့်သာဖြစ်ရပါမည်။
- ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ သေချာရေရာစေရေးအတွက် ရွာသူရွာသားများ တာဝန်ခံမှု ရှိစေရန်အတွက် သူတို့ကိုယ်တိုင်ဦးဆောင်ခြင်း၊ တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်း၊ မျှတသင့်တင့်သည့်နှုန်းထားခြင်း၊ ငွေကြေးလုပ်အားနှင့် ပစ္စည်းထည့်ဝင်ခြင်း တို့ ပြုလုပ်ရပါမည်။



CamScanner

(ခ) ရွာသူ/သားများ ပါဝင်ရေးဆွဲသောဖွံ့ဖြိုးရေးအစီအစဉ်

- ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် လူတန်းစားပေါင်းစုံ ဆင်းရဲချမ်းသာမရွေး ထိရောက်စွာ ပူးပေါင်းပါဝင်လုပ်ဆောင်ရန်အတွက် လုပ်နည်းလုပ်ဟန်များ၊ သင့်တော် သည့်လုပ်ငန်းစဉ်များကို ချမှတ်လုပ်ကိုင်ရပါမည်။
- စီမံကိန်းရေးဆွဲခြင်း၊ ဦးစားပေးလုပ်ငန်းများရေးဆွဲခြင်း၊ လုပ်ငန်းများအကောင် အထည်ဖော်ဆောင်ရွက်ခြင်းနှင့် တိုးတက်ဖြစ်ထွန်းမှုမှထွက်ပေါ်လာသော အကျိုး ရလဒ်များ စသည်တို့တွင်သမမျှတစွာစဉ်းစားရပါမည်။ သမမျှတစွာစဉ်းစားခြင်း တွင်
    - လူမှုရေး၊ စီးပွားရေး၊ ကောင်းမွန်သောစီမံအုပ်ချုပ်မှုလုပ်ငန်းစဉ်များနှင့် လုပ်ဆောင်မှုများနှင့်ပတ်သက်သော အခွင့်အလမ်းများကို သာတူညီမျှ ရရှိစေရမည်။
    - လူမျိုး၊ ဘာသာ၊ ကျား/မ မရွေး မြန်မာလူမျိုးတိုင်း ဖွံ့ဖြိုးရေး အခွင့်အလမ်း များနှင့် ပံ့ပိုးမှုတို့ကိုသာတူညီမျှရှိစေရမည်။
    - ကျား/မဆိုင်ရာအမြင်သဘောထားများကိုလူမှုရေး၊စီးပွားရေးနှင့် ကောင်းမွန် သောစီမံအုပ်ချုပ်ရေးလုပ်ငန်းများတွင် ထည့်သွင်းရပါမည်။
    - ကိုယ်အင်္ဂါချို့တဲ့သူများ၊စိတ်မကျန်းမာသူများအတွက်အထူးစဉ်းစားရပါမည်။
- မသန်စွမ်းသူများအနေနှင့် လူမှုစီးပွားရေးဆိုင်ရာလုပ်ငန်းများတွင် အပြည့်အဝ ပါဝင်နိုင်ခွင့် မရရှိနိုင်ကြပါ။ ဤသို့သော အခြေအနေတွင် ကျင့်သုံးသည့်မူဝါဒနှင့် ပံ့ပိုးမှုအစီအစဉ်ကို ထိုသူများအတွက် ညီညွတ်မျှတစွာရရှိရန် ပြပြင်ပေးရပါမည်။
- ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် လုပ်ငန်းများသည် ရွာ၏စည်းလုံးညီညွတ်ခြင်းနှင့် တစ်သားတည်းဖြစ်ခြင်းကို တိုးတက်စေပါသည်။

(ဂ) စီးပွားရေးနှင့်ဆိုင်သော အခြေခံမှု

- အမျိုးသားဖွံ့ဖြိုးရေးနှင့်နိုင်ငံတော်၏စီးပွားရေးမူဝါဒတို့နှင့် အညီကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဆောင်ရွက်မှုများသည် လူမျိုးစုံ၊အလွှာစုံ ပြည်သူအားလုံးပါဝင်၍ ဈေးကွက်စီးပွားရေးစနစ်ကို ဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်သည်။
- ဈေးကွက်ပျက်သည့် အခြေအနေမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့်အတူ ဈေးကွက်ပျက်ယွင်းရသည့် အကြောင်းတရားများကိုဖော်ထုတ်ရန် ဆန်းစစ် လေ့လာ အကဲဖြတ်ခြင်းလုပ်ငန်းများကို ပြုလုပ်ရပါမည်။

- ကျေးလက်ရှိအိမ်ထောင်စုတစ်ခုချင်းစီ၏ စီးပွားရေးအခြေအနေသည် ရွာလူထု၏ အသက်မွေးဝမ်းကြောင်းနှင့် သာယာဝပြောရေးကိုထင်ဟပ်ပုံဖော်ပေးပါသည်။
- ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းအားဖြင့် ဆင်းရဲသူနှင့် မဆင်းရဲသူကြား အပြန်အလှန်ဆက်နွယ်မှုကို ပိုမိုကောင်းမွန်စေ၍ ရွာ၏လူထုစွမ်းအားကို ဖြစ်ပေါ်စေပါသည်။ ဆင်းရဲသားအိမ်ထောင်စုများအတွက် ရည်ရွယ်၍ စီးပွားရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အပံ့အပိုးများကို ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ထည့်သွင်းထားသော်လည်း ဆင်းရဲသူနှင့် မဆင်းရဲသူအကြား၊မတူသည့် လူမှုရေးအလွှာအချင်းချင်းအကြား အပြန်အလှန်အမှီသဟဲပြုမှုဖြစ်စဉ်ကို မထိခိုက်စေပါ။
- စိုက်ပျိုးရေးနှင့် မွေးမြူရေးသွင်းအားစုပစ္စည်းများ၊ စိုက်ပျိုးထွက်ကုန်များ ရောင်းဝယ်ရေးတွင် ပုဂ္ဂလိကပါဝင်မှုကိုအားပေးပါသည်။
- ရွာအဆင့်ဖွံ့ဖြိုးရေးအကူအညီများအတွက်ပုဂ္ဂလိကကဏ္ဍ၏စွမ်းဆောင်မှုကိုအသုံးပြု၍ အားပေးပါမည်။ အထူးသဖြင့်
  - သင်တန်းအပါအဝင် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု များပေးရာတွင် ပုဂ္ဂလိကကဏ္ဍ၏ယှဉ်ပြိုင်ပါဝင်လာမှုကို အသုံးပြုပါမည်။
  - ဒေသခံပုဂ္ဂလိကလုပ်ငန်းရှင်များအားကျေးရွာ၏စီးပွားရေးကဏ္ဍတိုးတက်ရေး အတွက် လိုအပ်သောနည်းပညာအပါအဝင်ဝန်ဆောင်မှုများ၊ ထုတ်လုပ်မှုများ ပြုလုပ်ရာတွင် စမ်းသပ်အတည်ပြုပြီးဖြစ်သော စီးပွားရေးလုပ်နည်း၊ လုပ်ဟန်တို့ကို အသုံးပြုခြင်းနှင့် တီထွင်ဆန်းသစ်ခြင်းတို့ကို ပြုလုပ်ရန် အားပေးပါမည်။
  - ဒေသခံပုဂ္ဂလိကလုပ်ငန်းရှင်များအား စီးပွားရေးလုပ်ငန်းများ စီမံခန့်ခွဲမှုစွမ်းရည်၊ ထုတ်လုပ်မှုတိုးရန်အတွက် နည်းပညာစွမ်းရည်စသည့် ဖွံ့ဖြိုးရေးအထောက်အကူများကို တိုးချဲ့ပံ့ပိုးပါမည်။
  - စိုက်ပျိုးရေးကဏ္ဍတွင် ပုဂ္ဂလိကနှင့်နိုင်ငံတော်အစိုးရ မိတ်ဖက်ပြုဆောင်ရွက်ခြင်းများ ကို မြှင့်တင်ရပါမည်။

### (ဃ) ရေရှည်တည်တံ့ခိုင်မြဲရေးအစီအစဉ်

- ကျေးရွာဖွံ့ဖြိုးရေးစီမံချက်နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေး၊ ကျေးလက်လူထုသည် လုပ်ငန်းများဆောင်ရွက်ပြီးစီးပါက ရရှိလာမည့်အကျိုးရလဒ်နှင့် အကျိုးဆက် များအတွက် ရှင်းလင်းတိကျသည့် နည်းဗျူဟာများရှိရပါမည်။ လုပ်ငန်းများ လုံးဝပြီးဆုံးသည်အထိ ကျေးရွာမှဆက်လက်ဆောင်ရွက်ရပါမည်။

- ဖွံ့ဖြိုးရေး လုပ်ငန်းများဆက်လက် ဆောင်ရွက်ရာတွင် အောက်ပါအချက်များကို ထည့်သွင်း စဉ်း စားရမည်-
    - စီမံကိန်းလုပ်ငန်းများ ပြီးစီးအောင်မြင်ရန် လုံလောက်သောငွေကြေးနှင့် သွင်းအားစုပစ္စည်းအထောက်အပံ့များ၊
    - ကျေးရွာလူထု၏ စွမ်းရည်မြှင့်တင်ခြင်းနှင့် စီမံကိန်းလုပ်ငန်းများ ဆက်စပ် အကောင်အထည်ဖော်ရာတွင် ကျေးရွာမှတစ်စထက်တစ်စ တာဝန်တိုး ယူလာနိုင်စေရန် အစီအစဉ်များချမှတ်ခြင်းစသည့် စီမံကိန်းထွက်ခွာ ဗျူဟာကို ထိရောက်စွာ လုပ်ဆောင်ရပါမည်။
- လုပ်ငန်းရှေ့ဆက်သွားမည့်အစီအစဉ်တွင်
    - မြို့နယ်ဦးစီးဌာနများမှ ဆင်းရဲသားမိသားစုများအတွက် အသက်မွေး ဝမ်းကျောင်းမှုလုပ်ငန်းနှင့် ဝန်ဆောင်မှုများဆက်လက်ရရှိရန် နိုင်ငံတော်မှ ချမှတ်ထားသောမူဝါဒနှင့်အစီအစဉ်များ
    - ကျေးရွာလူထု၏ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်လာစေပြီး အစိုးရ အဖွဲ့ အစည်းနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများမှ ရရှိသောဝန်ဆောင်မှုနှင့် အထောက် အပံ့များကိုဆက်လက်၍ ကာလကြာရှည်စွာရရှိရန်၊
- အကောင်အထည်ဖော်ဆောင်ရွက်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ ရလဒ်နှင့်အကျိုး သက်ရောက်မှုများ ရေရှည်တည်တံ့ခိုင်မြဲရန်ဥပမာ -
    - ကျေးရွာအတွင်း အခြေခံအဆောက်အဦး၊ လမ်း၊ တံတား၊ ဆိပ်ခံတံတားနှင့် ရေကန်များရေရှည်တည်တံ့ရန်အတွက် စုစည်းဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲခြင်း နှင့် ရွာမှငွေကြေးထည့်ဝင်ခြင်းစသည့် ပြုပြင်ထိန်းသိမ်းမှု အစီအစဉ်များ ချမှတ် ဆောင်ရွက်ခြင်းများ၊
    - ကျေးရွာစပါးဘဏ်၊ ငွေစုငွေချေးအသင်းအဖွဲ့၊ ကျေးရွာဈေး၊ ကျေးရွာ ဆေးဆိုင်နှင့် အခြားစီးပွားရေး၊ လူမှုရေးဆိုင်ရာအဆောက်အဦး၊ ပစ္စည်း အသုံးအဆောင်များ ထိထိရောက်ရောက် လည်ပတ်လုပ်ဆောင်ရန်နှင့် ကြာရှည် တည်မြဲအောင်ပြုပြင်ထိန်းသိမ်းရာတွင်စုစည်းဆောင်ရွက်ခြင်းနှင့် အစီအစဉ်များ ချမှတ်ခြင်း၊
- သဘာဝအရင်းအမြစ်များ ပတ်ဝန်းကျင်ဆိုင်ရာအရင်းအမြစ်များ အသုံးပြုရာတွင် မှန်မှန်ကန်ကန်အကျိုးရှိရှိ အသုံးပြုခြင်းနှင့်ဆိုင်သော စီမံခန့်ခွဲမှု။